# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းအေးသောစိတ်ရှိ**

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်းအေးသော စိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**


၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက် | ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ် (၀၃၃)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် 12th AMMTC နှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်နေကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် နေပြည်တော်၌ ကျင်းပလျက်ရှိသော (၁၂)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေး (12th AMMTC) နှင့် ဆက်စပ်အစည်းအဝေးများ၌ တက်ရောက်နေကြသည့် အာဆီယံနိုင်ငံများမှကိုယ်စားလှယ်များ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက (၁၂)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးတွင် ရလဒ်ကောင်းများရရှိအောင် ဆွေးနွေးကြကြောင်း၊ အောင်မြင်သည့် အစည်းအဝေးဖြစ်ကြောင်း ကြားသိရ၍ ဝမ်းမြောက်ပါကြောင်း၊ အာဆီယံဒေသတွင်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါကြောင်းနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ပံ့ပိုးကူညီမှုကလည်း အရေးပါပါကြောင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းများသည် အရေးကြီးသဖြင့် အာဆီယံခေါင်းဆောင်များ အစည်းအဝေးများတွင် ဆွေးနွေးရသည့် ကိစ္စတစ်ခုဖြစ်ပါကြောင်း၊ အကြမ်းဖက်ကိစ္စများကလည်း ဒေသတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ခြိမ်းခြောက်လျက်ရှိပါကြောင်း စသည်ဖြင့် ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✳



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုပ္ပားတောင်ကလပ်ရှိ အောင်ဓမ္မာရုံ၌ ညှိသည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်။ ဓာတ်ပုံ-ကိုသာဗျော

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုပ္ပားတောင် ရေရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် ပုပ္ပားတောင်ကလပ်ရှိပြည်တော်အေးဆုတောင်းပြည့်စေတီတော်အား ဖူးမြော်ကြည်ညိုပြီး ပုပ္ပားတောင် ရေရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကပ်လှူပူဇော်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် ပုပ္ပားတောင်ကလပ်ရှိ ပြည်တော်အေးဆုတောင်းပြည့်စေတီတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် ပုပ္ပားတောင်ကလပ်ပေါ်ရှိ ဘုရားစေတီများအား ဖူးမြော်ကြည်ညိုကာ ပုပ္ပားဒေသဖွံ့ဖြိုးမှုနှင့် စိမ်းလန်းစိုပြည်မှုအခြေအနေများကို ကြည့်ရှုရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပုပ္ပားတောင် ရေရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❒

## ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေး စီမံကိန်း (UEHRD) ကော်မတီပြင်ဆင်ဖွဲ့စည်း

စာ-၃

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၁**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုး/ဇလ




မြန်မာ့အလင်း

# ဘာကို တန်ဖိုးထားကြမလဲ

တန်ဖိုးထားမှုအကြောင်းကို ဆင်ခြင်ကြည့်လျှင် လူ့လောကကြီးထဲက လူအမျိုးမျိုးတို့၏ တန်ဖိုးထားမှုအမျိုးမျိုးတို့ကို သတိပြုမိနိုင်၏။ လူတစ်ဦးချင်းစီ၏ ဗီဇ၊ မွေးဖွားကြီးပြင်းလာခဲ့ရာ မိဘဆွေမျိုး အသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်တို့အပေါ်မူတည်ပြီး လူအမျိုးမျိုး စိတ်အထွေထွေဆိုသကဲ့သို့ တန်ဖိုးထားမှုအမျိုးမျိုး ရှိနေကြ၏။

မိမိတို့၏ဘဝမှာ စဉ်းစားဆုံးဖြတ်စရာ လမ်းအကွေ့အချိုးများ၊ ရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာများ၊ ထိပ်တိုက်တိုးရတော့မည့် ခေါင်းစဉ်များ ပေါ်လာသည့်အခါတိုင်း လူတစ်ဦးချင်းစီမှာရှိသည့် မိမိ ဘာကို တန်ဖိုးထားသလဲဆိုသည့်အချက်က အရေးပါလာလေ့ရှိပါသည်။

အလွန်ခက်ခဲကျပ်တည်းနေချိန်၊ ရွေးချယ်စရာနည်းပါးနေချိန်မှာ မိဘကို ဦးစားပေးသည့်အဖြစ်မျိုး၊ လိုအပ်နေသည့် ငွေကြေးအစား မိမိ၏ ဂုဏ်သိက္ခာကို ရှေ့တန်းတင်လိုက်သည့် အနေအထားမျိုး၊ အလွန်အမင်း တွန်းထိုးထွက်လာသည့် လောဘဒေါသတို့ကို မျိုသိပ်ပြီး မိမိ၏ရင့်ကျက်သဘောထားကြီးမှုကို ပထမထားလိုက်သည့် ခံယူချက်မျိုး၊ မိမိ၏ အသက်ကိုပင် ပဓာနမထားဘဲ သီလကို အပျက်မခံသည့် ဆုံးဖြတ်ချက်ချလိုက်သည် မျိုးတို့ကို ကြုံဖူး တွေ့ဖူး၊ ကြားဖူးကြပါမည်။

ထို့အတူ ဘယ်သူသေသေ ငတေမာပြီးရောဆိုသူများ၊ ဘနဖူး သိုက်တူးကြသူများ၊ မိမိ၏ တစ်ကိုယ်တော်ကောင်းစားရေးကလွဲ၍ ကျန်တာမမြင်ကြသူများ၊ ဂုဏ်သိက္ခာကို ငွေကြေးဥစ္စာနှင့် ရောင်းပစ်လိုက်ကြသူများ၊ တစ်ခဏ ပျော်ရွှင်မှုနှင့် ကျန်းမာရေးကို အလဲအထပ် လုပ်ကြသူများကိုလည်း ဆုံဖူးကြပါမည်။

တိုးတက်ဖွံ့ဖြိုးရေးနှင့် သဘာဝရေမြေပတ်ဝန်းကျင်တို့ကို ထိန်းသိမ်းရေးတို့ကဲ့သို့သော အချို့ချိန်ညှိရသည့် တန်ဖိုးထားမှုမျိုးလည်း ရှိပါသည်။ မည်သည့်နေရာတွင် မည်မျှလောက် မည်သည်က ပို၍တန်ဖိုးထားရမလဲ ဆိုသည့် အဆုံးအဖြတ်မျိုးရှိပါသည်။

ဤသည်တို့၏ ဇာစ်မြစ်သည် တန်ဖိုးထားမှုကလာခြင်း ဖြစ်သည်ဟု ယူဆပါသည်။ ဘဝမှာ မိမိဘာကို တန်ဖိုးထားသလဲဆိုသည်က မိမိ၏ ဘဝကို ပြဋ္ဌာန်းသည်ပဲ ဖြစ်ပါမည်။

လောကအကျိုး၊ နိုင်ငံအကျိုး၊ အများပြည်သူအကျိုးနှင့် မိမိ၏ ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားတို့အကြား ဘာကိုတန်ဖိုးထား ဦးစားပေးမလဲဆိုသည်က ထိုသူ၏ မြင့်မြတ်မှု၊ ခမ်းနားကြီးကျယ်မှု၊ ဂုဏ်ကျက်သရေရှိမှုတို့ကို ဖော်ပြပေးနေမည် ဖြစ်ပါသည်။

သူတော်စင်များ၊ တကယ့်နိုင်ငံရေးသမားများ၊ ပညာရှင်စစ်စစ်များကြားတွင် ဘာကိုတန်ဖိုးထားသလဲဆိုသည့်အချက်က သာမန်လူများနှင့် မတူဘဲ သိသာထင်ရှားကွဲပြားနေခြင်းဖြင့် လူအများ၏ ရိုသေလေးစားမှု၊ အားကိုးယုံကြည်မှုကို မြင့်မားစေနိုင်ပါလိမ့်မည်။

ယဉ်ကျေးမှု၊ ကိုယ်ကျင့်တရား၊ ဂုဏ်သိက္ခာတို့သည် တန်ဖိုးထားတတ်မှုများပေါ်တွင် အဓိကအားဖြင့် တည်ရှိနေသည်ကို သိရှိခြင်းဖြင့် လည်းကောင်း၊ ထိုသို့ မှန်ကန်သည့် တန်ဖိုးထားတတ်မှုကို ထိန်းသိမ်းကျင့်ကြံလုပ်ဆောင်ကြခြင်းဖြင့် လည်းကောင်း၊ တစ်နည်းအားဖြင့်ဆိုရလျှင် လူတို့၏ တန်ဖိုးထားမှု မှန်ကန်မှုသာလျှင် မြင့်မြတ်သော လူသားပီသသော ဘဝကိုရမည်ဟု ယုံကြည်မိပါကြောင်း။ ။

## စာဖတ်သူတိုးပွားရေး နယ်လှည့်စာကြည့်တိုက် ကွင်းဆင်း

စစ်တွေ နိုဝင်ဘာ ၁

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာတတ်သူတိုင်း စာဖတ်သည့်အလေ့အထ၊ အလေ့အကျင့်ကောင်းများရရှိပြီး စာဖတ်ပရိသတ်များပြားကာ အသိပညာ ဗဟုသုတတိုးပွားလာစေရန်အတွက် မိုဘိုင်းစနစ်ဖြင့် စာဖတ်သူတိုးပွားရေး နယ်လှည့်စာကြည့်တိုက် စာအုပ်ပြပွဲ၊ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းခြင်းကို အောက်တိုဘာလနောက်ဆုံးပတ်က တိုင်းရင်းဆေးပညာဦးစီးဌာနသို့ သုတစာအုပ်၊ ဝတ္ထု၊ ရုပ်ပြနှင့် မဂ္ဂဇင်းစာအုပ် စုစုပေါင်းအုပ်ရေ ၁၀၀ ကျော်ကို အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**






# ပဉ္စမအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁

**ပဉ္စမအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံ ဖွင့်ပွဲအခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူကျန့်ပြည်နယ် ဖူထရမ်မြို့၌ အောက်တိုဘာ ၂၉ ရက် နံနက်ကကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အဖွဲ့ဝင်များ၊ နိုင်ငံပေါင်း ၅၅ နိုင်ငံမှ အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ဗုဒ္ဓဘာသာအဖွဲ့အစည်းများ တက်ရောက်ကြသည်။**



ရှေးဦးစွာ တရုတ်ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် Most Ven Yan Jue ဦးဆောင်၍ ဆုတောင်းမေတ္တာပို့သခဲ့ပြီး တရုတ်ပြည်သူ့ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းဝန်ရုံး အတွင်းရေးမှူး စည်းလုံးညီညွတ်ရေးဌာနဝန်ကြီး H.E. Mr. Yan Quan က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ပေးပို့သော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖတ်ကြား၍ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိသီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သာသနာရေးရာဌာန ဌာနမှူး တရုတ်ဘာသာရေးနှင့် ယဉ်ကျေးမှုဆက်သွယ်ရေးအသင်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး H.E. Mr. Wang Zuoan နှင့် မဲခေါင်ဒေသနိုင်ငံများဖြစ်ကြသော တရုတ်၊ မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ အစိုးရအဖွဲ့ ကိုယ်စားလှယ်များ တွေ့ဆုံကြသည်။

အဆိုပါ တွေ့ဆုံပွဲ၌ Lanchang မဲခေါင်ဒေသနိုင်ငံ ခြောက်နိုင်ငံပါဝင်သော ဗုဒ္ဓဘာသာအဖွဲ့ချုပ် တည်ထောင်ရေးကိစ္စ ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ထိုအဖွဲ့အစည်း ဖွဲ့စည်းနိုင်ရေးအတွက် မြန်မာနိုင်ငံကလည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထိုအဖွဲ့အစည်း ဖွဲ့စည်းနိုင်ပါက ဗုဒ္ဓသာသနာ တည်တံ့ခိုင်မြဲရေး အပါအဝင် လူမှုရေးကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကိစ္စရပ်များ ပေါ်ပေါက်လာလျှင် ဒေသတွင်း ဝိုင်းဝန်းကူညီထောက်ပံ့ပေးနိုင်မည် ဖြစ်ကြောင်း ဆွေးနွေးခဲ့ရာ မဲခေါင်ဒေသ ကိုယ်စားလှယ်များက သဘောတူထောက်ခံခဲ့ကြသည်။

အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အမှူးပြုသော ဆရာတော်များနှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချွမ်ကျိုးမြို့ခိုင်းယွမ်ကျောင်းတိုက်သို့သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံဃာ့အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ Fujian ပြည်နယ်သံဃာ့အဖွဲ့ ဥက္ကဋ္ဌ ကျောင်းတိုက်ဆရာတော် Tou Yun အား ဖူးမြော်ကြည်ညိုပြီး ကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။ အဆိုပါ ခိုင်းယွမ်ကျောင်းတိုက်ကို အေဒီ ၆၈၆ လွန်ခဲ့သော နှစ်ပေါင်း ၁၃၀၀ ခန့်က ထန်မင်းဆက်လက်ထက်တွင် တည်ဆောက်ခဲ့ကာ တိုင်တစ်ရာ ကျောင်းတိုက်အဖြစ် ထင်ရှားကျော်ကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ပဉ္စမအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး အောက်တိုဘာ ၃၁ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ **(အပေါ်ဝဲပုံ)**

**သတင်းစဉ်**

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာ

၁။ (၁၁.၉.၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄ ဖြင့် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈ ခုနှစ်)အား ပြဋ္ဌာန်းပြီးဖြစ်ပါသည်။

၂။ အဆိုပါ ဥပဒေ ပုဒ်မ ၂၂၊ပုဒ်မခွဲ (ခ)တွင် "ဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မရရှိဘဲ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများကို ရယူလုပ်ကိုင်အသုံးပြုလျက်ရှိသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် -

(၁) မိမိရယူလုပ်ကိုင်အသုံးပြုလျက်ရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဧရိယာနှင့် ၎င်းတို့နှင့် စပ်လျဉ်းသော အသေးစိတ်အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၈ ခုနှစ်) ပြဋ္ဌာန်းသည့်နေ့မှစ၍ ခြောက်လအတွင်း သတ်မှတ်ချက်နှင့်အညီ ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားရမည်။

(၂) ပုဒ်မခွဲငယ် (၁)ပါအတိုင်း လျှောက်ထားဆောင်ရွက်ခြင်း မရှိလျှင်ဖြစ်စေ၊ လျှောက်ထားသော်လည်း ခွင့်ပြုမိန့်မရရှိလျှင်ဖြစ်စေ၊ အဆိုပါမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သိမ်းယူခြင်း၊ ဖယ်ရှားခြင်း ခံရမည်။

(၃) ပုဒ်မခွဲငယ် (၁)ပါအတိုင်း သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်းမရှိဘဲ အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအပေါ်တွင် ဆက်လက်၍ ရယူလုပ်ကိုင် အသုံးပြုလျှင်သော် လည်းကောင်း၊ ယင်းသို့ လျှောက်ထားသည့်အခါ ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက ခွင့်ပြုရန်မသင့်သည့်အတွက် အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်မှ ထွက်ခွာဖယ်ရှားစေရန် ညွှန်ကြားသည့်အမိန့်ကို မလိုက်နာဘဲ ဆက်လက်ရယူအသုံးပြုလျှင်သော်လည်းကောင်း ဤဥပဒေအရ အရေးယူခြင်းခံရမည်" ဟု ပြဋ္ဌာန်းထားရှိပါသည်။

၃။ အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ခွင့်ပြုမိန့်မရရှိဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လက်ရှိလုပ်ကိုင်အသုံးပြုလျက်ရှိသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် မိမိရယူအသုံးပြုလျက်ရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဧရိယာများနှင့် သက်ဆိုင်သည့် လိုအပ်သော အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈ ခုနှစ်) ပြဋ္ဌာန်းသည့်နေ့မှစ၍ ခြောက်လအတွင်း ဥပဒေနှင့်အညီ ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီများသို့ အမှန်တကယ် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်ဆောင်ရွက်ထားရှိသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ ကိုယ်တိုင်လျှောက်ထားကြပါရန် လိုအပ်ပါသည်။

၄။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ခွင့်ပြုမိန့်မရရှိဘဲ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို လက်ရှိလုပ်ကိုင်အသုံးပြုလျက်ရှိသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ အနေဖြင့် လည်းကောင်း၊ ယခုအချိန်ကာလမှစတင်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လုပ်ကိုင်လိုသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအနေဖြင့် လည်းကောင်း၊ လုပ်ကိုင်ခွင့်ပြုမိန့်ရရှိရေးအတွက် အောက်ဖော်ပြပါအတိုင်း လျှောက်ထားဆောင်ရွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည် -

(က) စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧက ၃၀၀ ထက်ပိုသော မြေဧရိယာ၊ မွေးမြူရေးလုပ်ငန်းအတွက် ဧက ၅၀ ထက်ပိုသော မြေဧရိယာ၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အစိုးရကခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ လျှောက်ထားရန်၊

(ခ) စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧက ၃၀၀အထိ မြေဧရိယာနှင့် မွေးမြူရေးလုပ်ငန်းအတွက် ဧက ၅၀ အထိ မြေဧရိယာများကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီများသို့ လျှောက်ထားရန်၊

**မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၁၂)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်နေကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

✳ ***ရှေ့စုံးမှ***

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များဖြစ်ကြသည့် ဘရူနိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. The Honourable Pehin Datu Lailaraja Major General (Retd.) Dato Paduka Seri Awang Haji Halbi bin Haji Mohd.Yussof၊ ကမ္ဘောဒီးယားနိုင်ငံမှ Secretary of State H.E. Gen. Meach Sophana၊ အင်ဒိုနီးရှားနိုင်ငံ ရဲချုပ် H.E. Police General Prof. H. Muhammad Tito Karnavian၊ လာအိုနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Police Major General Somvang Thammasith၊ မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ အတွင်းရေးမှူးချုပ် H.E. Dato' Alwi Bin Hj Ibrahim၊ ဖိလစ်ပိုင်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ Under-secretary H.E. General Bernardo C. Florece, Jr. (Retd.)၊ စင်ကာပူနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ အဆင့်မြင့်လွှတ်တော်ရေးရာ အတွင်းဝန် H.E. Amrin Amin၊ ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Sutee Markboon၊ ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Senior Lieutenant General Le Quy Vuong၊ တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Du Hang Wei၊ ဂျပန်နိုင်ငံ အမျိုးသားရဲအေဂျင်စီ ဒုတိယရဲချုပ် H.E Matsumoto Mitsuhiro၊ ကိုရီးယားနိုင်ငံ တရားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Kim O-su နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Lim Jock Hoi တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၈၁/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်**
**(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)**

## ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

**၁။** နိုင်ငံတော်သမ္မတရုံး၏ ၁၇-၁၀-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၆/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သော "ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine) ကော်မတီ" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါ်အောင်ဆန်းစုကြည်<br>နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာဝင်းမြတ်အေး<br>ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ဦးခင်မောင်တင်<br>ဒုတိယဝန်ကြီး<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | ဦးကျော်လင်း<br>ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါက်တာအောင်ထွန်းသက်<br>ညှိနှိုင်းရေးမှူးချုပ်<br>UEHRD | အဖွဲ့ဝင် |
| (စ) | ဦးတိုးအောင်<br>UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်မြိုင်<br>သတင်းနှင့်ဆက်သွယ်ရေးဒါရိုက်တာ<br>UEHRD | အဖွဲ့ဝင် |
| (ဇ) | ဦးစိုးအောင်<br>ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဈ) | ဦးဇော်သန်းသင်း<br>အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | တွဲဖက်အတွင်းရေးမှူး |

၂။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေး စီမံကိန်း (UEHRD)ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေး ဆောင်ရွက်ရန်၊

(ခ) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး ဆောင်ရွက်ရန်၊

(ဃ) ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ပံ့ပိုးမှုအပြင် ပြည်တွင်း/ ပြည်ပ အလှူရှင်များ၏ ကူညီထောက်ပံ့ငွေများဖြင့် ဆောင်ရွက်မည်ဖြစ်သဖြင့် ကော်မတီ၏ဘဏ္ဍာရေးကိစ္စကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုအပြင် နိုင်ငံတကာစာရင်းစစ်ကုမ္ပဏီတစ်ခုကိုလည်း ငှားရမ်း၍ အစစ်ဆေးခံနိုင်ရေး ဆောင်ရွက်ရန်။

၃။ ဥက္ကဋ္ဌအနေဖြင့် အတိုင်ပင်ခံအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်ရန်ဖြစ်သည်။

၄။ လိုအပ်သည့်ကော်မတီရုံးအဖွဲ့ ဖွဲ့စည်းရန်နှင့် အုပ်ချုပ်မှုကိစ္စရပ်များကို အတွင်းရေးမှူးက ဥက္ကဋ္ဌထံ တင်ပြဆောင်ရွက်ရန်ဖြစ်သည်။

၅။ ကော်မတီ၏ အုပ်ချုပ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်သည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ တာဝန်ရှိသူများက ပုပ္ပားတောင်ကလပ်ဆိုင်ရာ အချက်အလက်များနှင့် ကာကွယ်ထိန်းသိမ်းရန် လိုအပ်သည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြစဉ်။** ဓာတ်ပုံ-(ပြန်/ဆက်)

❒ *ရှေ့စုံးမှ*

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ပုပ္ပားတောင်ကလပ်ရှိ အောင်ဓမ္မာရုံသို့ရောက်ရှိရာ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းအတွင်းရေးမှူး ဦးသန်းထွန်းက အသင်းဖွဲ့စည်းထားရှိမှုနှင့် ဖွဲ့စည်းရသည့်ရည်ရွယ်ချက်၊ ဘူမိဗေဒဆိုင်ရာ လေ့လာတွေ့ရှိချက်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်နေမှုများ၊ ခါကာဘိုရာဇီ၊ အင်းတော်ကြီး၊ တွင်းတောင် (မုံရွာ)၊ ပုပ္ပားတောင်၊ ပင်းတယ၊ အင်းလေးကန်နှင့် ဇွဲကပင်တောင်တို့အား အမိကမ္ဘာစခန်းသာအဖြစ် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**ရေရှည်အတွက် ထည့်သွင်းစဉ်းစား**

ယင်းနောက် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆုံဟန်နှင့် အသင်းဝင် ဦးချိုဦးတို့က ပုပ္ပားတောင်ကလပ်ဆိုင်ရာ အချက်အလက်များ၊ မြေပြိုမှုဖြစ်ပေါ်ရသည့် အကြောင်းအရင်း၊ နောင်တွင် မြေပြိုမှုများ မဖြစ်ပေါ်အောင် ကြိုတင်စီမံဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ကာကွယ်ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သိရှိလိုသည်များကို မေးမြန်းပြီး ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်အတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန် မှာကြားသည်။

**ရင်ဆိုင်ကြုံတွေ့နေရ**

ဆက်လက်၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က ပုပ္ပားတောင်ဆိုင်ရာ အချက်အလက်များ၊ ပုပ္ပားတောင်ဥယျာဉ် သတ်မှတ်ဆောင်ရွက်နေမှု၊ ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိမှု၊ ယူနက်စကို ကမ္ဘာ့ဘူမိဥယျာဉ် အဆိုပြုတင်ပြနိုင်ရန် ဆောင်ရွက်နေမှု၊ ဥယျာဉ်အတွင်းရှိ သဘာဝရေထွက်စမ်းများတည်ရှိမှု၊ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် သုတေသနစီမံကိန်းများ ဆောင်ရွက်နေမှု၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖော်ဆောင်ရန်အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် အဖွဲ့များနှင့် ပုပ္ပားတောင်ချစ်သူများအသင်း ဥက္ကဋ္ဌ ဦးတိုး ဦးဆောင်သည့် အဖွဲ့များအား စကားဝါဥယျာဉ်ဟိုတယ်၌ တွေ့ဆုံပြီး ပုပ္ပားတောင် ရေရှည်တည်တံ့ရေးနှင့် ပုပ္ပားဒေသ စိမ်းလန်းစိုပြည်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ အထူးလေယာဉ်ဖြင့် ညောင်ဦးမြို့မှ ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**မီးတောင်ဟောင်းတစ်ခု**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ပုပ္ပားတောင်သည် ဘူမိဖြစ်စဉ်အရ မီးတောင်ဟောင်းတစ်ခုဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀၀၀ ခန့်က ပေါက်ကွဲခဲ့ပြီးနောက်ပိုင်း မီးငြိမ်းတောင်တစ်ခုအဖြစ် တည်ရှိနေခဲ့ကာ အပူပိုင်းဒေသအတွင်း စိမ်းလန်းစိုပြည်သော အိုအေစစ်တစ်ခုအသွင် ဖြစ်တည်နေခြင်း ဖြစ်သည်။


**မီးငြိမ်းတောင်ကြီးဖြစ်**

အမြင့်ပေ ၄၉၈၁ ပေမြင့်သည့် ပုပ္ပားတောင်မကြီးသည် မဟာဂီရိ(ကြီးမြတ်သောတောင်ကြီး)၊ သက္ကတဘာသာစကားဖြင့် ပုပ္ဖတောင် (ပန်းပွင့်သောတောင်)၊ ပုဗ္ဗတောင် (အရှေ့အရပ်တောင်) စသည့်အမည်များဖြင့် သမိုင်းအစဉ်အလာအရ ကိုးကွယ်ယုံကြည်မှုများ၊ အလေးအမြတ်ထားမှုများ၊ စာပေ လင်္ကာ ရေးသားဖွဲ့ဆိုမှုများနှင့်အတူ ထင်ရှားကျော်ကြားသည့် မီးငြိမ်းတောင်ကြီး ဖြစ်သည်။

ဗြိတိသျှကိုလိုနီအစိုးရလက်ထက် ၁၉၂၀ ပြည့်နှစ်က အမိန့်ကြော်ငြာစာဖြင့် ပုပ္ပားတောင်ကြိုးဝိုင်း ၂၉၅၆ ဧကကို စတင်ဖွဲ့စည်းထိန်းသိမ်းခဲ့ပြီး လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၅၄ - ၁၉၅၅ ခုနှစ်မှ စတင်၍ ပုပ္ပားတောင် ကြိုးဝိုင်း၏ အရန်သစ်တောနယ်မြေများကို ကာကွယ်တောအဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့ကာ သစ်တောဌာနမှ ဆက်လက်ထိန်းသိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❒ အမြင့်ပေ ၄၉၈၁ ပေမြင့်သည့် ပုပ္ပားတောင်မကြီးသည် မဟာဂီရိ (ကြီးမြတ်သောတောင်ကြီး)၊ သက္ကတဘာသာစကားဖြင့် ပုပ္ဖတောင် (ပန်းပွင့်သောတောင်)၊ ပုဗ္ဗတောင် (အရှေ့အရပ်တောင်) စသည့်အမည်များဖြင့် သမိုင်းအစဉ်အလာအရ ကိုးကွယ်ယုံကြည်မှုများ၊ အလေးအမြတ်ထားမှုများ၊ စာပေ လင်္ကာ ရေးသားဖွဲ့ဆိုမှုများနှင့်အတူ ထင်ရှားကျော်ကြားသည့် မီးငြိမ်းတောင်ကြီးဖြစ်**



**ပုပ္ပားတောင်ဒေသ စိမ်းလန်းစိုပြည်မှုကို တွေ့ရစဉ်။** ဓာတ်ပုံ - (ပြန်/ဆက်)

❒ *ကျောဖုံးမှ*

**မြေအသုံးချမှု မူဝါဒဆိုင်ရာဥပဒေများ**

အခမ်းအနားတွင် ဒုတိယသမ္မတက ယနေ့ကျင်းပသည့် အစည်းအဝေးသည် အမျိုးသားမြေအသုံးချမှုမူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့်အခြေခံမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် မြေအသုံးချမှုမူဝါဒဆိုင်ရာဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်း ခဲ့သည့် အမျိုးသားမြေအသုံးချမှုကောင်စီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း။

ပထမအကြိမ် အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဧပြီ ၆ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေးတွင် အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာအကောင်အထည်ဖော် နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တို့၏ မြေအသုံးချမှုကော်မတီများ၊ အမျိုးသား မြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ မြေအသုံးချမှု စီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်း ကော်မတီစသည့် အထောက်အကူပြုလုပ်ငန်းကော်မတီများနှင့် မြေအသုံးချမှုနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အမျိုးသားအကြံပေးအဖွဲ့ဖွဲ့စည်းရန်၊ ကော်မတီအဖွဲ့ဝင် အရေအတွက်နှင့် ကိုယ်စားပြုအဖွဲ့အစည်းများ၊ လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် နေပြည်တော် ကောင်စီတို့မှ အဆိုပြုတင်ပြရန် ဆုံးဖြတ်ခဲ့ကြပါကြောင်း။

**အဆိုပြုချက်များ ရှင်းလင်းတင်ပြကြရမည်**

ထို့ကြောင့် ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အစည်းအဝေးတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် နေပြည်တော်ကောင်စီတို့ အနေဖြင့် ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ မိမိတို့၏ အဆိုပြုချက်များကို ရှင်းလင်းတင်ပြကြရမည်ဖြစ်ပါကြောင်း။

ထို့အတူ အမျိုးသားမြေအသုံးချမှု ကောင်စီ၏ ရှေ့ဆက်လက် ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစဉ်များ စုပေါင်းဖော်ထုတ်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပရန် ပထမအကြိမ် အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချခဲ့ပါကြောင်း၊ အဆိုပါ ဆုံးဖြတ်ချက်နှင့်အညီ အမျိုးသားမြေအသုံးချမှု ကောင်စီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နည်းဗျူဟာများ၊ လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးရန်နှင့် အမျိုးသားမြေအသုံးချမှု မူဝါဒကို အခြေခံ၍ အမျိုးသားမြေဥပဒေရေးဆွဲရေးနှင့် မြေအရင်းအမြစ်များစီမံခန့်ခွဲရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂ ရက်မှ ၃ ရက်အထိ အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ်ကို နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန -၂ တွင် ကျင်းပခဲ့ပါကြောင်း။

**အကျိုးသက်ဆိုင်သူများ ပါဝင်**

အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ်ကို အမျိုးသားမြေအသုံးချမှု ကောင်စီအဖွဲ့ဝင်များ၊ လွှတ်တော်ရေးရာ ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ပြင်ပပညာရှင်များ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်ပါဝင်သည့် မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် တောင်သူလယ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင် ကိုယ်စားလှယ်များနှင့် သတင်းမီဒီယာ များ၊ ပါဝင်တက်ရောက်ခဲ့သည့်အတွက် မြေနှင့် ဆက်စပ်သည့် အကျိုးသက်ဆိုင်သူများ စုပေါင်းပါဝင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ်မှ ဖော်ထုတ်ရရှိသည့် ရလဒ်များကိုအခြေခံ၍ အနာဂတ်မြန်မာနိုင်ငံတွင် စနစ်တကျ ကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုစနစ်များ ပေါ်ထွန်းလာစေရေးနှင့် အမျိုးသားမြေဥပဒေ ရေးဆွဲနိုင်ရေးတို့အတွက် အမျိုးသားမြေအသုံးချမှု ကောင်စီ၏ လုပ်ငန်းတာဝန်များကို အမျိုးသားမြေအသုံးချမှုမူဝါဒနှင့် အညီ ပီပြင်ခိုင်မာစွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**လူနေမှုအဆင့်အတန်း မြင့်မားလာစေရေး**

မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများသည် စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပေါ် မှီခိုနေကြပါကြောင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာကို ရေးဆွဲခဲ့ပြီး မဟာဗျူဟာ၏ မျှော်မှန်းချက်မှာ သက္ကရာဇ် ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံသည် စားနပ်ရိက္ခာနှင့် အာဟာရဓာတ်ပြည့်ဝဖူလုံပြီး အထွက်နှုန်း မြင့်မားကာ ရာသီဥတုဒဏ်ခံနိုင်စွမ်းရှိသည့် စိုက်ပျိုးရေးကဏ္ဍမှ တစ်ဆင့် ကမ္ဘာ့ဈေးကွက်ကိုယှဉ်ပြိုင်နိုင်မည့် ကျေးလက်နေ လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေး ဖြစ်ပါကြောင်း။

ထို့ကြောင့် လယ်ယာမြေများ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှု အားကောင်းလာစေပြီး လုပ်ကွက်ငယ်တောင်သူများနှင့် မြေယာမဲ့ပြည်သူများ၏ မြေအသုံးချမှုနှင့် လုပ်ပိုင်ခွင့်ခိုင်မာမှုကိစ္စရပ်သည်လည်း ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည့်အတွက် စိုက်ပျိုးရေးမူဝါဒနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာမှာ ပင်မလုပ်ငန်းစဉ်များ ချမှတ်၍ မဟာဗျူဟာကျကျ ဆောင်ရွက်သွားရန် လျာထားပြီးဖြစ်ပါကြောင်း၊ ပင်မလုပ်ငန်းစဉ်များ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမြေအသုံးချမှုကောင်စီ၏ အထောက်အကူပြုလုပ်ငန်း ကော်မတီတစ်ခုဖြစ်သည့် စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ အကောင်အထည်ဖော်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်း ကော်မတီဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်၊ လမ်းညွှန်ချက်နှင့် အခြေခံမှုများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ကောင်းမွန်သည့် မြေယာအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမှု ကောင်စီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဦးစားပေးလုပ်ငန်းစဉ် (၄)ရပ်ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေး**

အဆိုပါ လုပ်ငန်းစဉ်(၄) ရပ်မှာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၏ မြေအသုံးချမှုကော်မတီများ၊ မြေအသုံးချမှုနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အမျိုးသားနည်းပညာအကြံပေးအဖွဲ့နှင့် အထောက်အကူပြုလုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းအပါအဝင် အမျိုးသားမြေအသုံးချမှုကောင်စီ၏ဖွဲ့စည်းမှုဆိုင်ရာ ခိုင်မာစေခြင်း၊ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်စေခြင်း၊ အမျိုးသားမြေအသုံး ချမှုစီမံကိန်းများနှင့် မြေအသုံးချမှုဇုန်များ ရေးဆွဲသတ်မှတ်ခြင်းနှင့် မြေသတင်းအချက်အလက် စီမံခန့်ခွဲသည့်စနစ်တည် ထောင်ခြင်းတို့ ဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရာတွင်လည်း အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်၊ လမ်းညွှန်ချက်၊ အခြေခံမှုများနှင့်အညီ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် နေပြည်တော်ကောင်စီတို့မှ ပထမအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်နေမှုများကို တင်ပြပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးကြရန် လိုအပ်ပါကြောင်း။

အမျိုးသားမြေအသုံးချမှု ကောင်စီ၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်များအနေဖြင့် မိမိတို့၏ အခန်းကဏ္ဍများအလိုက်၊ နေရာဒေသများအလိုက် ကျရာနေရာမှ ပါဝင်ပြီး ကြိုးပမ်းထမ်းဆောင်ကြရန် ပြောကြားလိုပါကြောင်း။

**လုပ်ငန်းတာဝန်များ သုံးသပ်**

အမျိုးသားမြေအသုံးချမှု ကောင်စီအနေဖြင့် မြေသယံဇာတများကို စနစ်တကျ စီမံအုပ်ချုပ် လုပ်ကိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အစဉ်အမြဲသုံးသပ်၍ အဆိုပါ လုပ်ငန်းတာဝန်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်းနှင့် ရှေ့ဆက်ဆောင်ရွက်ကြရမည့် လုပ်ငန်းများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးညှိနှိုင်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှု ကောင်စီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားမြေအသုံးချမှုကောင်စီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်နှင့် ဦးဟန်ဇော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများက ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့် လုပ်ငန်းလမ်းညွှန်များ ပြန်လည်သုံးသပ်ခြင်းအလုပ်အဖွဲ့ အစည်းအဝေးကျင်းပ ဆွေးနွေးရရှိလာသည့် စုစည်းချက်များအား ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သို့ ဆက်လက်တင်ပြသွားမည်



**ရန်ကုန်  နိုဝင်ဘာ ၁**

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့် လုပ်ငန်းလမ်းညွှန်များ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။

ယနေ့ ကျင်းပသည့် အစည်းအဝေးသို့ အစိုးရနှင့်တပ်မတော် အစုအဖွဲ့၊ NCA လက်မှတ်ရေးထိုးထားသည့်တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့ နှင့် နိုင်ငံရေးပါတီအစုအဖွဲ့များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် အစိုးရ၊ တပ်မတော်ကိုယ်စား ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုး၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်များ အစုအဖွဲ့မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် နိုင်ငံရေးပါတီအစုအဖွဲ့များ ကိုယ်စား ဦးမြင့်စိုးတို့က အဖွင့်အမှာစကားပြောကြားသည်။

**အကောင်းဆုံးလမ်းညွှန်မှုလုပ်နိုင်ဖို့ မျှော်လင့်**

ဦးအောင်စိုးက “နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်တဲ့ အစည်းအဝေးအစီအစဉ်မှာပါတဲ့အတိုင်း နိုင်ငံရေးဆွေးနွေးမှုမူဘောင်ကို ဘယ်လိုညှိနှိုင်းပြင်ဆင်ကြမလဲ။ ဘယ်လို အကောင်းဆုံးလုပ်ရင် ပိုအောင်မြင်နိုင်မလဲဆိုတာကို ဆက်လက် ဆွေးနွေးပေးစေလိုပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) မှာပါတဲ့ လုပ်ငန်းလမ်းညွှန်၊ အတွင်းရေးမှူးများရဲ့လုပ်ငန်းလမ်းညွှန်၊ ကဏ္ဍအလိုက်လုပ်ငန်းကော်မတီများရဲ့လုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများရဲ့ လုပ်ငန်းလမ်းညွှန်တွေကို ဘယ်လိုကျင်းပကြမလဲဆိုတာကို ကျွန်တော်တို့ အစုအဖွဲ့ သုံးခုစလုံးက လာမယ့်စတုတ္ထအကြိမ် ၂၁ ရာစု ပင်လုံညီလာခံမှာ အကောင်းဆုံးလမ်းညွှန်မှုလုပ်နိုင်ဖို့ မျှော်လင့်ပါတယ်” ဟု ပြောသည်။

**လက်မှတ်မထိုးတဲ့အဖွဲ့တွေ ပါဝင်လာနိုင်ရေး**

တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ကိုယ်စား ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက “ပြီးခဲ့တဲ့ အောက်တိုဘာလ ၁၅ ၊ ၁၆ ရက်မှာ အစိုးရနဲ့ NCA-S EAO ခေါင်းဆောင်များ သီးသန့်ထိပ်သီးအစည်းအဝေးရဲ့ဆုံးဖြတ်ချက် နံပါတ် ၂ မှာ ဘယ်လိုပါလဲဆိုတော့ လက်ရှိနိုင်ငံရေးဆွေးနွေးမှုပုံစံကို ပိုမိုရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်ရန် သဘောတူသည်ဆိုတာ ပါပါတယ်။ ဒီအချက်တွေအပေါ်မှာ အခြေခံပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဒီနေ့ဆွေးနွေးပွဲကို ပြောရရင်တော့ ပေါ်လစီအစည်းအဝေးမဟုတ်ဘဲနဲ့ နည်းပညာပိုင်းဆိုင်ရာအစည်းအဝေးလို့ ကျွန်တော်တို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ မူဘောင်မှာသော်လည်းကောင်း၊ လုပ်ငန်းလမ်းညွှန်တွေမှာ သော်လည်းကောင်း ကျွန်တော်တို့ စုစည်းထားတဲ့ သဘောတူချက်များ၊ သဘောထားများ အားလုံးကို အဆုံးအဖြတ်ပေးမှာက UPDJC အစည်းအဝေးဖြစ်ပါတယ်။ UPDJC က တကယ်လို့ အဆုံးအဖြတ်မပေးနိုင်ဘူးဆိုရင်တော့ NCA စာချုပ်မှာပါတဲ့အတိုင်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး( JICM ) က ဆက်လက်ပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီအတိုင်း ကျွန်တော်တို့ ဆောင်ရွက်ဖို့ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင် (EAOs) ဘက်က ပြင်ဆင်ထားပါတယ်။ ဒီငြိမ်းချမ်းရေးဖြစ်စဉ်ကြီးမှာ အားလုံးသိတဲ့အတိုင်း NCA လက်မှတ်မထိုးတဲ့အဖွဲ့တွေ ပါဝင်လာဖို့လည်း အားလုံးက လိုလားကြပါတယ်။ အခုအချိန်မှာလည်း အစိုးရ၊ တပ်မတော်က သူတို့တွေ ပါဝင်လာဖို့ ဆွေးနွေးမှုတွေလုပ်နေပါတယ်။ လက်မှတ်မထိုးတဲ့အဖွဲ့တွေ ပါဝင်လာနိုင်ရေး၊ မူဘောင်ဆွေးနွေးပွဲမှာ သူတို့ပါဝင်လာနိုင်ရေး အတွက် ဘက်ပေါင်းစုံကနေ စဉ်းစားပြီး လမ်းဖွင့်ပေးထားဖို့လိုတယ်ဆိုတာကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံးကိုယ်စား အလေးအနက် မေတ္တာရပ်ခံချင်ပါတယ်။ မူဘောင်ရဲ့အလုပ်က သုံးခုပါပဲ။ ဒါကြောင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို ပြုလွယ် ပြင်လွယ်ဖြစ်အောင် ကျွန်တော်တို့ လုပ်မယ်” ဟု ပြောသည်။

ဦးမြင့်စိုးက “ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ငြိမ်းချမ်းရေးရဖို့အတွက် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

*စာမျက်နှာ ၆ သို့*

# ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁**

လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၄/၂၀၁၈) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**လက်တွေ့အခြေအနေနှင့် ညီညွတ်စေရန်**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်အစည်းအဝေးများကို ယခုလ ၁၂ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၁၀ ရက်ထက် မစော၊ ၁၁ ရက် ထက်နောက်မကျစေရန် ဖိတ်ကြားထားပြီးဖြစ်ပါကြောင်း၊ မကြာမီကျင်းပပြုလုပ်မည့် လွှတ်တော်အစည်းအဝေးများတွင် ဥပဒေကြမ်းများ ဆွေးနွေးအတည်ပြုခြင်းနှင့် အခြားလွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် လွှတ်တော်ပုံမှန်အစည်းအဝေးများ ကျင်းပပြုလုပ်မည့် ကာလသတ်မှတ်လျာထားချက်ကိုလည်း ထုတ်ပြန်ရန် စီစဉ်ထားပါကြောင်း၊ လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများကိုလည်း လက်တွေ့အခြေအနေနှင့် ညီညွတ်စေရန် ပြင်ဆင်ဖွဲ့စည်းရန်ရှိကြောင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုကြောင့် လွှတ်တော်အစည်းအဝေးများကို အောင်မြင်စွာဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများက သက်ဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ပြီး ဆွေးနွေးဆောင်ရွက်ပါက ယခင် လွှတ်တော်အစည်းအဝေးများကဲ့သို့ အောင်မြင်စွာ ကျင်းပနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထား**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီအသီးသီးမှ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် AVP အဖွဲ့၏ အရှေ့အာရှဆိုင်ရာ ညွှန်ကြားရေးမှူး Mr. David Sharman Selvidge အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် Australian Volunteers Program (AVP) အဖွဲ့၏ အရှေ့အာရှဆိုင်ရာ ညွှန်ကြားရေးမှူး Mr. David Sharman Selvidge အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် Australian Volunteers Program (AVP) အဖွဲ့အနေဖြင့် မြန်မာလွှတ်တော်များ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများတွင် ထိရောက်သော အကူအညီများပေးအပ်နိုင်ရေး၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) နှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအခန်းကဏ္ဍ မြှင့်တင်သွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးသည့် စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးဖွင့်လှစ်သည့် စာရေးနည်းအခြေခံ လမ်းညွှန်သင်တန်း အမှတ်စဉ် (၉) သင်တန်းဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)ရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)က အမှာစကား ပြောကြားသည်။

ထို့နောက် ဟောပြောဆွေးနွေးလေ့လာရေးနှင့် တိုင်းရင်းသားစာပေလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အသင်းအတွင်းရေးမှူး သင်တန်းမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ- ကြို့ပင်ကောက်) က သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

စာရေးနည်းအခြေခံ လမ်းညွှန်သင်တန်း အမှတ်စဉ် (၉) သင်တန်းသို့ သင်တန်းသား ၅၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အင်ဒိုနီးရှားနိုင်ငံ အမျိုးသားရဲတပ်ဖွဲ့ ရဲချုပ်နှင့်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် (၁၂)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်တွင် ရောက်ရှိနေသည့် အင်ဒိုနီးရှားနိုင်ငံ အမျိုးသားရဲတပ်ဖွဲ့ ရဲချုပ် Police General Prof. Dr. Tito Karnavian နှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

*စာမျက်နှာ ၅ မှ*

အဲဒီလို ဆောင်ရွက်နေတဲ့အခါမှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ နိုင်ငံရေးပါတီအစုအဖွဲ့တွေ အားကြိုးမာန်တက် တစ်တပ်တစ်အားနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ နိုင်ငံရေးပါတီအစုအဖွဲ့အနေနဲ့ ကျွန်တော်တို့ နိုင်ငံရေးဆွေးနွေးမှုတွေကို ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့က အင်အားဖြည့်ပြီးတော့ ဆောင်ရွက်တာဖြစ်တယ်။ ကျွန်တော်တို့ ငြိမ်းချမ်းရေးဆွေးနွေးမှု ဆောင်ရွက်တဲ့အပိုင်းတွေရဲ့ ဆုံးဖြတ်ချက်ချမှုအပိုင်းတွေမှာဆိုရင် အခုနိုင်ငံရေးဆွေးနွေးမှုမူဘောင်ရေးဆွဲတဲ့အခါမှာ တချို့နေရာတွေက အားနည်းချက်တွေ အများကြီး ရှိပါတယ်။ ဒါတွေကိုလည်း ပြန်လည်သုံးသပ်ဖို့ လိုပါတယ်” ဟု ပြောသည်။

နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့် လုပ်ငန်းလမ်းညွှန်များ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ လုပ်ငန်းလမ်းညွှန်၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးများ (UPDJC-S) ၏ လုပ်ငန်းလမ်းညွှန်၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီများ လုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်ကော်မတီ လုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်နှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပသည့် အစည်းအဝေးနှင့် ပတ်သက်၍ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေက “၂၀၁၈ ဇူလိုင် ဒုတိယပတ်မှာ UPDJC အစည်းအဝေး ဆုံးဖြတ်ချက်ရှိတယ်။ ဆုံးဖြတ်ချက် နံပါတ်ခြောက်ပေါ့။ အဲ့ဒါက Framework ကို ပြန်လည်ပြီး Review လုပ် ရေးဆွဲခြင်း ဖြစ်ပါတယ်။ နောက် အောက်တိုဘာ ၁၅၊ ၁၆ ထိပ်သီးအစည်းအဝေးအပြီးမှာ ခေါင်းဆောင်တွေရဲ့လမ်းညွှန်ချက်တွေရှိတယ်။ ဒါကို အခြေခံပြီး ကျွန်တော်တို့ စဆွေးနွေးတာပါ။ ဒီနေ့ကတော့ အရင်ပြီးခဲ့တဲ့ ကိစ္စရပ်တွေကို ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတယ်။ နေလယ်ပိုင်းမှာ နိုင်ငံရေးဆွေးနွေးမှုမူဘောင် (Framework ) ကို စဆွေးနွေးတယ်။ နောက်တစ်ရက်မှာ ဒါကို ဆက်ဆွေးနွေးပါမယ်။ ဒီအစည်းအဝေးမှာ ကျွန်တော်တို့ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးပါတီအများစုရဲ့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်သုံးသပ်ချက် (review) သဘောထား စုစည်းချက်ရှိမယ်။ ဒါကို ဆုံးဖြတ်နိုင်တဲ့ UPDJC အစည်းအဝေးတင်ပြသွားမယ်” ဟု ပြောသည်။

**သတင်း- ရဲခေါင်ညွှန့်၊ ဓာတ်ပုံ- ဖိုးထောင်**

# ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီအစည်းအဝေး ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁

**ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၏ (၆/၂၀၁၈)အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်ဆွေးနွေးသည်။** (အပေါ်ပုံ)

အခမ်းအနားတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မိမိတို့နိုင်ငံအနေဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ စတင်နိုင်တော့မည်ဖြစ်သဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများမှာ ကြီးမားသော လုပ်ငန်းတာဝန်များ ဆောင်ရွက်သည့် ကော်မတီအစည်းအဝေးဖြစ်ပါကြောင်း၊ နှစ်ရှည်ဖြစ်လာသော လူမှုရေးကိစ္စမှသည် နိုင်ငံရေး၊ လုံခြုံရေး စသည့်ကဏ္ဍများအထိ ဆက်စပ်နေသဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ UEHRD ကော်မတီများအပြင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ စသည်ဖြင့် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးမှ ပဉ္စမအကြိမ်အစည်းအဝေးအထိ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် လုံခြုံရေးအပိုင်းကို စနစ်တကျဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ (၂) နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ပြန်လည်လက်ခံရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ အဆင်သင့်ဖြစ်စေရန်နှင့် ထူးခြားဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြစေလိုပါကြောင်း ဆွေးနွေးသည်။

ထို့နောက် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးစိုးအောင်က လုဖိုးခေါင်ကြားစခန်းနှင့် ပြန်လည်နေရာချထားမည့် ကျေးရွာများ၏ ဆောင်ရွက်မှုအခြေအနေများ၊ ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုအခြေအနေများနှင့် လိုအပ်ချက်များကို ဌာနဆိုင်ရာများအားလုံး ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ လိုအပ်ချက်များ၊ ထပ်မံဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးများက ဆွေးနွေးချက်များအပေါ် ဆုံးဖြတ်ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသွားသူများ ပြန်လည်ခေါ်ယူရေးဆိုင်ရာ တတိယအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသော နေရပ်စွန့်ခွာသူများ ပြန်လည်ခေါ်ယူရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် တတိယအကြိမ်မြောက် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်ရန် အောက်တိုဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ သွားရောက်ခဲ့ပြီး အဆိုပါကိုယ်စားလှယ်အဖွဲ့တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ လိုက်ပါသွားကြသည်။

တတိယအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးကို အောက်တိုဘာ ၃၀ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရဧည့်ဂေဟာ၌ ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ရှာဟီဒူလ် ဟတ်ခ်တို့မှ ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

### ယုံကြည်မှုတည်ဆောက်ရေး

အဆိုပါအစည်းအဝေးတွင် ပြန်လည်ဝင်ရောက်လာသူများအတွက် အဆင်ပြေစေမည့် ပတ်ဝန်းကျင်ဖန်တီးထားရှိမှုအခြေအနေ၊ လုံခြုံရေးအစီအမံများ၊ ယုံကြည်မှုတည်ဆောက်ရေး အပါအဝင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် ဆောင်ရွက်ထားမှုအခြေအနေ၊ ပြန်လည်နေရာချထားရေးအစီအမံများ၊ ပြန်လည်ဝင်ရောက်မည့်သူများ စိစစ်ရေးလုပ်ငန်းစဉ်၊ NVC ကတ်ဆိုင်ရာ အချက်များကို ပြန်လည် ဝင်ရောက်လာသူများအကြား သတင်းဖြန့်ချိပေးရေး၊ ပြန်လည်လက်ခံရေး၊ နေရာချထားနှင့် ပေါင်းစည်းရေးလုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် မိတ်ဖက်နိုင်ငံများ ပါဝင်နိုင်မည့် အခြေအနေများကို နှစ်ဖက်အမြင်ချင်းဖလှယ် အသိပေးခဲ့သည်။

### နှစ်ဖက်သဘောတူ

အစည်းအဝေးတွင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များကို နိုဝင်ဘာလလယ်တွင် ပထမအသုတ် စတင်ဆောင်ရွက်ရန် နှစ်ဖက်သဘောတူခဲ့ကြသည်။ ထို့ပြင် အစည်းအဝေးတွင် နယ်နိမိတ် မှတ်တိုင် (၃၄) နှင့် (၃၅) အကြား မြန်မာနယ်နိမိတ်အတွင်း ယာယီနေထိုင်သူများနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့သည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် UEHRD မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပါအဝင် ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များ၊ ကျေးရွာများနေရာချထားမှုနှင့် နေအိမ်များ တည်ဆောက်နေမှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်းအတွက်



အခွင့်အလမ်းများ၊ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများ၊ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြောင်း စိစစ်ရေးလုပ်ငန်းစဉ်များ၊ NVC ကတ်ထုတ်ပေးမှုအခြေအနေများကို အသိပေးပြောကြားခဲ့သည်။

ထို့ပြင် မြန်မာအစိုးရ၏ ဒေသနေပြည်သူများ၏ လူနေမှုဘဝတိုးတက်စေရန်၊ ယုံကြည်မှုတည်ဆောက်ရန်နှင့် အသိုက်အဝန်းများအကြား သဟဇာတရှိစေရန် ကြိုးပမ်းနေမှုများကို ကူညီပေးရန် UNDP နှင့် UNHCR တို့မှ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ကျေးရွာအုပ်စုများသို့ စက်တင်ဘာလနှင့် အောက်တိုဘာအတွင်း ကွင်းဆင်းလေ့လာခဲ့မှုအခြေအနေများကိုလည်း အသိပေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် နှစ်နိုင်ငံအကြား သဘောတူညီချက်များနှင့်အညီ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသော စိစစ်ပြီး နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရန် အဆင်သင့်ဖြစ်နေမှုကို ထပ်လောင်းပြောကြားခဲ့သည်။

### ကောင်းမွန်သောရလဒ်များ

ယင်းသို့ ဆောင်ရွက်ရာတွင် နှစ်ဖက်အပြန်အလှန်နားလည်မှု၊ ဓမ္မဓိဋ္ဌာန်ကျကျ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်လေးစားမှုနှင့် နှစ်နိုင်ငံသဘောတူညီချက်များကို လေးစားလိုက်နာမှုများဖြင့် ပြန်လည်ခေါ်ယူရေးလုပ်ငန်းစဉ်တွင် ကောင်းမွန်သောရလဒ်များ ရရှိစေမည်ဖြစ်ကြောင်း အလေးထား ပြောကြားခဲ့သည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပေးအပ်ခဲ့သော (၈၀၃၂) ဦးစာရင်းတွင် ပါဝင်နေသည့် အကြမ်းဖက်သမားများအပါအဝင် ARSA အကြမ်းဖက်သမားများအား အရေးယူဆောင်ရွက်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံအား တောင်းဆိုခဲ့သည်။

အောက်တိုဘာ ၃၁ ရက်တွင် မြန်မာပူးတွဲလုပ်ငန်းအဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာရှာဟီဒူလ် ဟတ်ခ်နှင့် ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့ဝင်များ လိုက်ပါလျက် ကော့စ်ဘဇားရှိ ကူတူပါလောင်းစခန်းသို့ သွားရောက်ခဲ့သည်။ စခန်းတွင် ကျေးရွာများမှ ကိုယ်စားလှယ်များ၊ နေရပ်စွန့်ခွာသူများအား တွေ့ဆုံ၍ ပြန်လည်ဝင်ရောက်သူများ၏ ဘေးကင်းလုံခြုံရေး ဆောင်ရွက်ထားမှုများ၊ ပြန်လည်နေရာချထားရေးအတွက် UEHRD ၏ ဆောင်ရွက်ထားမှုများ၊ ကျေးရွာများ တည်ဆောက်နေမှု၊ အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ၊ ကျန်းမာရေးနှင့် ပညာရေးအစီအမံများ စီစဉ်ထားရှိမှု၊ ပြန်လည်လက်ခံရေးအတွက် စိစစ်ရေးလုပ်ငန်းစဉ်များ၊ NVC ကတ်ပြား ကိုင်ဆောင်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးနေမှု အခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။ မြန်မာပူးတွဲလုပ်ငန်းအဖွဲ့ဝင်များသည် အုခိရရှိ ဘာလူခါလီစခန်းသို့လည်း သွားရောက်ကြည့်ရှုခဲ့သည်။

### ထုတ်ဖော်ပြောကြား

ထို့ပြင် မြန်မာပူးတွဲလုပ်ငန်းအဖွဲ့ဝင်များသည် ဟိန္ဒူဘာသာဝင် ကိုယ်စားလှယ်များကိုလည်း စခန်းတွင် သွားရောက်တွေ့ဆုံခဲ့ရာ ဟိန္ဒူဘာသာဝင်များက မြန်မာနိုင်ငံသို့ ပြန်လည်သွားရောက်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားကြသည်။

စတုတ္ထအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးအား မြန်မာနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ပြီး၊ ကျင်းပမည့် နေ့ရက်နှင့် အချိန်တို့အား သံတမန်လမ်းကြောင်းမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ဇာတ်ညွှန်းအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁**

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဇာတ်ညွှန်းအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများကို ပထမအကြိမ်အဖြစ် နိုဝင်ဘာ ၃ ရက် (စနေနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် စတင်ကျင်းပသွားမည် ဖြစ်သည်။

ပထမအကြိမ် ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူများအဖြစ် ဇာတ်ညွှန်းနှင့် ဒါရိုက်တာ M နိုး၊ ဇာတ်ညွှန်း L မင်းပြည့်မွန်တို့က **"ရုပ်ရှင်နှင့် မြန်မာ့ဟန်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးကြမည်ဖြစ်ပြီး ဇာတ်ညွှန်းနှင့် ဒါရိုက်တာ သည်ခေတ်နေ၊ ဇာတ်ညွှန်းဆူးခက်မင်း၊ ဇင်ကိုကို (M-MDB) တို့က ပါဝင်ဆွေးနွေးသွားမည် ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲများကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၅၀) ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ Film Development Center (FDC) တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# (၁၂)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ခြင်းအခမ်းအနား ကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၁**

(၁၂)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက (၁၂)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (12th ASEAN Ministerial Meeting on Transnational Crime and its Related Meeting-12th AMMTC) ကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါကြောင်း။

အဆိုပါ 12th AMMTC နှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံ ၁၀ နိုင်ငံမှ ဝန်ကြီးများ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် လူဝင်မှုကြီးကြပ်ရေးညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ဆိုင်ရာဌာနအကြီးအကဲများ အစည်းအဝေး (DGICM) မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာနိုင်ငံများအလိုက် အဆင့်မြင့်အရာရှိကြီးအဆင့် ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါကြောင်း။

### နိုင်ငံဖြတ်ကျော်မှုခင်းပြဿနာများ အာဆီယံဒေသတွင်း ကူးစက်ရောက်ရှိ

အာဆီယံအသင်းကြီး၏ မဏ္ဍိုင်ကြီး ၃ ရပ်တွင် နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း (APSC)တွင် AMMTC သည် အဓိကလှုပ်ရှားဆောင်ရွက်မှုတစ်ခုဖြစ်ပါကြောင်း၊ အာဆီယံအသင်းကြီးအနေဖြင့် စတင်ထူထောင်ကတည်းက ချမှတ်အတည်ပြုထားသော ပဋိညာဉ်စာတမ်းပါအခြေခံမူ၊ ရည်ရွယ်ချက်များ၏ အဓိကဖော်ပြချက်သည် ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကိုထိန်းသိမ်းရန်ဖြစ်ပြီး နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုမြှင့်တင်ခြင်းအားဖြင့် ဒေသဆိုင်ရာခံနိုင်ရည်ရှိမှုကို မြှင့်တင်ရန်ဖြစ်ပါကြောင်း၊ အာဆီယံအသင်းကြီး၏ အဓိကရည်ရွယ်ချက်နှင့် အခြေခံမူဝါဒများကို အဟန့်အတားအနှောင့်အယှက်ဖြစ်စေသည့် နိုင်ငံဖြတ်ကျော်မှုခင်းပြဿနာများသည် အာဆီယံဒေသတွင်းသို့ တစ်စတစ်စ ကူးစက်ရောက်ရှိလာသည်ကို သတိပြုမိကြသည့်အတွက် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သည့် အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု၊ ဆိုက်ဘာမှုခင်း စသည့် မှုခင်းအမျိုးအစား ၁၀ မျိုးနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ကို ပူးပေါင်းတိုက်ဖျက်နိုင်ရန် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးကို ၁၉၉၇ ခုနှစ်တွင် ပထမအကြိမ် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခင်က ဝန်ကြီးအဆင့်အစည်းအဝေးကို နှစ်နှစ် တစ်ကြိမ်ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ်မှစ၍ တစ်နှစ် တစ်ကြိမ် ကျင်းပခဲ့ရာ ယခု (၁၂)ကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်း ဖြစ်ပါကြောင်း။

အာဆီယံဒေသတွင်းနှင့် နိုင်ငံအသီးသီးတို့တွင် ဖြစ်ပေါ်နေသည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေးဆောင်ရွက်ရာတွင် လိုအပ်ချက်များ၊ စိန်ခေါ်မှုများနှင့် ဆောင်ရွက်သင့်သည့်နည်းလမ်း၊ အစီအမံများကို မှုခင်းအမျိုးအစားတစ်ခုချင်းအလိုက် လုပ်ငန်းအဖွဲ့အဆင့်တွင် ဦးစွာဆွေးနွေးပြီး အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး (SOMTC) သို့ တင်ပြခြင်း၊ SOMTC ကို နှစ်စဉ် အလှည့်ကျ အိမ်ရှင်အဖြစ်ကျင်းပပြီး အဆိုပါ SOMTC မှ ဆွေးနွေးချက်ရလဒ်များ၊ လုပ်ငန်းစီမံချက်များကို AMMTC သို့ တင်ပြအတည်ပြုခြင်း စသည်ဖြင့် အဆင့်ဆင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ AMMTC အနေဖြင့် SOMTC မှ တင်ပြလာသော လုပ်ငန်းစဉ်များ၊ ဒေသတွင်းအကောင်အထည်ဖော်မည့် စီမံချက်များကို အတည်ပြုနိုင်သည်များ အတည်ပြုပေးပြီး အာဆီယံထိပ်သီးအစည်းအဝေး(ASEAN SUMMIT) သို့ ဆက်လက်တင်ပြ အတည်ပြုခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း။

12th AMMTC နှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ နေပြည်တော် MICC-II တွင် ကျင်းပခဲ့ပါကြောင်း၊ 12th AMMTC တွင် အတည်ပြုခြင်း ၄ ရပ်၊ ဆုံးဖြတ်ချက် ၂ ရပ် ရရှိခဲ့ပါကြောင်း။

(၂၂)ကြိမ်မြောက် DGICM အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ရလဒ်များအရ တတိယနိုင်ငံများတွင် ရောက်ရှိနေသော အာဆီယံအဖွဲ့ဝင်နိုင်ငံသားများကို ၎င်းနိုင်ငံများရှိ အာဆီယံအထူးအဖွဲ့များက ကောင်စစ်ရေးရာအကူအညီပေးရေး လမ်းညွှန်ချက်ကို အတည်ပြုပေးနိုင်ခဲ့ပါကြောင်း။

အာဆီယံတွင် ၂၀၁၂ ခုနှစ်မှ စတင်ရေးဆွဲဆောင်ရွက်ခဲ့သော အစွန်းရောက်အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်များပေါက်ဖွားလာမှု ကြိုတင်ကာကွယ်ရေးနှင့် တိုက်ဖျက်ရေး အာဆီယံလုပ်ငန်းစီမံချက်(၂၀၁၈-၂၀၂၅)ကို အတည်ပြုပေးခဲ့ပါကြောင်း။

၂၀၁၉ ခုနှစ်တွင် ကျင်းပမည့် 13th AMMTC အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အတည်ပြုခဲ့ပါကြောင်း။ 12th AMMTC အစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက်အား အတည်ပြုခဲ့ပါကြောင်း။

### ကာကွယ်နိုင်သည့်စီမံချက်များ ထွက်ပေါ်လာနိုင်ရေး

မလေးရှားနိုင်ငံတွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် SOMTC အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများမှ ဆွေးနွေးချက် အစီရင်ခံစာအရ ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၌ ကျင်းပမည့် 19th SOMTC တွင် အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ ဆိုက်ဘာမှုခင်း၊ လက်နက်မှောင်ခိုရောင်းဝယ်မှုများနှင့် သဘာဝတောရိုင်းတိရစ္ဆာန် ဖမ်းဆီးသတ်ဖြတ်မှုနှင့် လူကုန်ကူးမှုများကို ထိရောက်စွာ တားဆီးကာကွယ်နိုင်သည့် စီမံချက်များ ထွက်ပေါ်လာနိုင်ရေး ဆွေးနွေးဆောင်ရွက်သွားရန် ဆုံးဖြတ်ပေးခဲ့ပါကြောင်း။

ယခုအတည်ပြုပေးခဲ့သော အာဆီယံလုပ်ငန်းစီမံချက်(၂၀၁၈-၂၀၂၅)အရ နှစ်အလိုက်၊ နိုင်ငံအလိုက် အကောင်အထည်ဖော်မည့် စီမံချက်များကို 19th SOMTC တွင် ရှင်းလင်းဆွေးနွေးသွားရန် ဆုံးဖြတ်ပေးခဲ့ပါကြောင်း။

နိုဝင်ဘာ ၁ ရက်တွင် 9th AMMTC + 3 ကို ဆက်လက်ကျင်းပရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်နှင့် ဆွေးနွေးဖက် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးအဆင့်များ တက်ရောက်ခဲ့ပါကြောင်း၊ အစည်းအဝေးတွင် အတည်ပြုချက် ၃ ရပ်၊ ဆုံးဖြတ်ချက် ၁ ရပ် ရရှိခဲ့ပါကြောင်း။

နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုတွင် အကြမ်းဖက်မှု၊ ဆိုက်ဘာမှုခင်းနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ယခင်အတည်ပြုထားသော လုပ်ငန်းစီမံချက်များ ဆက်လက်အကောင်အထည်ဖော်သွားရန် အတည်ပြုခဲ့ပါကြောင်း။

ကိုရီးယားနိုင်ငံ၏ ဆိုက်ဘာစွမ်းရည်မြှင့်တင်ရေး ၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်မည့် အဆိုပြုမှုများကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှတစ်ဆင့် ဆက်လက်ပေးပို့ဆောင်ရွက်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ သဘောထားရယူသွားရန် အတည်ပြုခဲ့ပါကြောင်း။

၂၀၁၉ ခုနှစ်တွင် 10th AMMTC + 3 ကို ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပရန် အတည်ပြုခဲ့ပါကြောင်း။

ဆွေးနွေးဖက် တရုတ်၊ ဂျပန်၊ ကိုရီးယားတို့၏ ၂၀၁၉ ခုနှစ် လုပ်ငန်းစီမံချက်များကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများသို့ ဖြန့်ဝေပေးရန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ သဘောထားမှတ်ချက်များကို အချိန်မီပေးပို့ဆောင်ရွက်သွားရေး ဆုံးဖြတ်ခဲ့ပါကြောင်း။

### အတည်ပြုသတ်မှတ်နိုင်ခဲ့

၂၀၁၉ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံ နေပြည်တော်တွင် လည်းကောင်း၊ 13th AMMTC နှင့် ဆက်စပ်အစည်းအဝေးများကို ထိုင်းနိုင်ငံတွင် လည်းကောင်း ကျင်းပပြုလုပ်သွားမည်ဟု အတည်ပြုသတ်မှတ်နိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် H.E. Lin Jock Hoi၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# (၁၀) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများမှ ပညာရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**




(၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများမှ ပညာရေးဝန်ကြီးများ အစည်းအဝေးကို ယမန်နေ့က နေပြည်တော် Kempinski Hotel ၌ "အရည်အသွေးပြည့်ဝသော ပညာရေးနှင့် သင်တန်းများဖြင့် အရှေ့တောင် အာရှနိုင်ငံများအဖွဲ့၏ တစ်သက်တာသင်ယူမှုကို မြှင့်တင်ရန်" ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပရာ**(ယာပုံ)** ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက သဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံအချင်းချင်း ပညာရေးပူးပေါင်းဆောင်ရွက်မှုများ၊ ဥရောပသမဂ္ဂ SHARE project ဖြင့် ဥရောပသမဂ္ဂမှ အာဆီယံလူငယ်များအတွက် ထောက်ပံ့ပေးမှုများ၊ ပညာသင်ဆုအခွင့်အလမ်းများ၊ အာဆီယံဒေသများ ရင်ဆိုင်ရမည့် စတုတ္ထစက်မှုတော်လှန်ရေးက ယူဆောင်လာသည့် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ နည်းပညာ၊ သက်မွေး၊ ပညာရေးနှင့် လေ့ကျင့်ရေး လုပ်ငန်းများ၊ အာဆီယံတစ်ဝန်းလုံးတွင် ဟန်ချက်ညီညီတိုးတက်ရေးကို ရှေးရှုသည့် အာဆီယံနည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး (TVET) ဖွံ့ဖြိုးတိုးတက်ရေးကောင်စီဖွဲ့စည်းရေး၊ ကောင်စီ၏လုပ်ပိုင်ခွင့်နှင့် တာဝန်များ၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ နည်းပညာနှင့် သက်မွေးပညာလုပ်သားများ၏ အရည်အသွေးမြှင့်တင်ခြင်း (RECOTVET) အစီအစဉ်ဖြင့် ဂျာမနီ၊ ဆွစ်ဇာလန်နိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးကြသည်။

ထို့ပြင် ကျောင်းပြင်ပရောက် ကလေးသူငယ်များနှင့် လူငယ်များအတွက် ပညာရေးမြှင့်တင်ရေး အာဆီယံ ကြေညာချက်၊ အာဆီယံဒေသတွင်းရှိ ကလေးသူငယ်များနှင့် လူငယ်များအတွက် တန်းတူညီမျှသော ပညာရေးအတွက် သဘောတူညီ လုပ်ဆောင်မှုများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း အားလုံးပါဝင်သည့် အခြေခံပညာရေးအတွက် တန်းတူညီမျှသည့်မူဘောင် ပေါ်ထွန်းရေး၊ အားလုံးပါဝင်သော ပညာရေးနှင့် ကျောင်းပြင်ပရောက် ကလေးများနှင့် လူငယ်များအတွက် ပညာရေးမြှင့်တင်ရေးအတွက် အထောက်အပံ့များ၊ အသိပညာဖြန့်ဝေရေး၊ စာတတ်မြောက်ရေးနှင့် အတွက်အချက် ကျွမ်းကျင်မှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုနှင့် ပြဿနာများကို ဖြေရှင်းရန်အတွက် အရေးပါသည့်အပြင် လူထုကို အကျိုးပြုသော အာဆီယံအသိုက်အဝန်းတစ်ခု ဖော်ဆောင်ရာတွင် ဘေးကင်းလုံခြုံသောကျောင်းများ ဖော်ဆောင်ရေးလုပ်ငန်းများ၊ အရှေ့တောင်အာရှ မူလတန်းပညာသင်ကြားရေး စံသတ်မှတ်ချက်များ (SEA-PLM)နှင့် အာဆီယံဒေသတွင်းလူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည့် ပညာရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ အထက်တန်းပညာရေးစနစ်တွင် အာဆီယံဆိုင်ရာ အသိအမြင်(ASEAN Awareness) ရရှိရေးအတွက် အင်စတီကျူးရှင်းများဖော်ဆောင်ရေး၊ ပထမအကြိမ် ပညာရေးဆိုင်ရာ အာဆီယံ-ရုရှား အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးပွဲနှင့် ပညာရေးဆိုင်ရာ အာဆီယံ-တရုတ်ရှေ့လုပ်ငန်းစဉ်များကို ပြီးစီးအောင်ရေးဆွဲရေးတို့ကိုလည်း ဆွေးနွေးကြသည်။

အစည်းအဝေးတွင် SEAMEO RIHED၊ Asian University Network (AUN)၊ ASEAN University Network/Southeast Asia Engineering Education Development Network (AUN/SEED-Net)၊ ASEAN Quality Assurance Network (AQUN)၊ ASEAN Qualifications Reference Framework Committee (AQRF) နှင့် ASEAN Foundation (AF)တို့၏ အာဆီယံပူးပေါင်း ဆောင်ရွက်မှု အောင်မြင်မှုရလဒ်များကို မှတ်တမ်းတင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ်တွင် (၁၁) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၊ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် The Global New Light of Myanmar သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁**

မြန်မာ့ဂန္ထဝင် အတွဲ ၁၀၀ စာစဉ် ထုတ်ဝေရေးညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဂန္ထဝင် အတွဲ ၁၀၀ စာစဉ် ဝတ္ထုရှည် ၃ တွဲအား မြန်မြန်ဆန်ဆန် ကောင်းကောင်းမွန်မွန်နှင့် သပ်သပ်ရပ်ရပ်ဖြင့် ထုတ်ဝေနိုင်ရေး၊ ဈေးနှုန်းသတ်မှတ်ရေး၊ ဝတ္ထုရှည်အပြင် ဝတ္ထုတို၊ ကဗျာနှင့် ပြဇာတ်ဘာသာရပ်များ အလိုက် ဆက်လက်ထုတ်ဝေနိုင်ရေးတို့အတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပါရန် ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က မြန်မာ့ဂန္ထဝင်အတွဲ ၁၀၀ စာစဉ် ဝတ္ထုရှည် ၃ တွဲကို ယခုနှစ် ဒီဇင်ဘာလအတွင်း ထုတ်ဝေနိုင်ရေး၊ ၎င်းအတွက်ပုံနှိပ်ရာတွင် လျာထားစာမျက်နှာထက် ကျော်လွန်ခဲ့သဖြင့် စာအုပ်တန်ဖိုးနှုန်းထား ပြင်ဆင်အတည်ပြုနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာ့ဂန္ထဝင် အတွဲ ၁၀၀ စာစဉ် ထုတ်ဝေရေးကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာ့ဂန္ထဝင်အတွဲ ၁၀၀ စာစဉ်များကို မြန်မာ့စာပေသမိုင်းတွင် ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော ဂန္ထဝင်မြောက် သုတ၊ ရသ စာကောင်းပေမွန်များကို စာဖတ်ပရိသတ်လက်ဝယ်သို့ တစ်စုတစ်စည်းတည်း ပေးအပ်နိုင်ရန်၊ မြန်မာ့စာပေလက်ရာကောင်းများ အဓွန့်ရှည်စွာ မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ရန်၊ အများပြည်သူ ဉာဏ်ပညာမြင့်မားလာစေရန်နှင့် လူငယ်များ မြန်မာ့စာပေကို ချစ်မြတ်နိုးလျက် စာပေဖတ်ရှုသော အလေ့အထတိုးပွားလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာဆိုတော်နေ့မတိုင်မီ ယခုနှစ် ဒီဇင်ဘာလဆန်းတွင် ထုတ်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အဖွဲ့ The Global New Light of Myanmar သတင်းစာတိုက် သတင်းခန်းအတွင်း ကြည့်ရှုစစ်ဆေးပြီး စာတည်းအဖွဲ့ဝင်များအား လိုအပ်သည်များ မှာကြားစဉ်။ သတင်းစဉ်

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့သည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ The Global New Light of Myanmar သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး စာတည်းအဖွဲ့တွင် အင်အားထပ်မံဖြည့်တင်းရေး၊ ဆောင်းပါး၊ အင်တာဗျူးများ ကဏ္ဍစုံ ပိုမိုထည့်သွင်း ဖော်ပြနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် သတင်းခန်းအတွင်း နိုင်ငံတကာသတင်းစာမျက်နှာအတွက် သတင်းများ ရွေးချယ်ဖွဲ့စည်းမှု၊ စီးပွားရေးသတင်းနှင့် ပြည်တွင်းသတင်းများ ဘာသာပြန်ဆိုဖော်ပြမှု၊ သတင်းစာ စာမျက်နှာအလိုက် စစ်ဆေးကြပ်မတ်မှု အခြေအနေများကို မေးမြန်းဆွေးနွေးပြီး အမှားအယွင်းကင်းစင်ရေး၊ သတင်းစာအရည်အသွေး ပိုမိုကောင်းမွန်ရေးတို့နှင့် စပ်လျဉ်း၍ စာတည်းအဖွဲ့ဝင်များအား မှာကြားကာ သတင်းခန်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ **သတင်းစဉ်**

# ကလေးစာပေပွဲတော်(ပုသိမ်)ကို နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ ပုသိမ်တက္ကသိုလ်၌ ကျင်းပမည်

**ပုသိမ် နိုဝင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော် (ပုသိမ်) ကို နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ဆောင်တွင် ကျင်းပသွားမည်ဖြစ်ရာ သက်ဆိုင်ရာ ပွဲတော်ကျင်းပရေးလုပ်ငန်း ဆပ်ကော်မတီအလိုက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင် မျက်နှာစာအတွင်းပိုင်း ဖွင့်ပွဲအခမ်းအနား ပြင်ဆင်မှုများအပြင် မြေညီထပ်ရှိ ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများ ပြခန်းပြင်ဆင်မှု၊ တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်ကောလိပ်နှင့် အခြေခံပညာ အထက်တန်းကျောင်းများ ပြခန်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းများ ပြခန်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ပြခန်း အစရှိသည့် ပြခန်း ၂၁ ခန်း ပြင်ဆင်လျက်ရှိပြီး သရုပ်ပြစာဖတ်ခန်း၊ ကလေးစာဖတ်ခန်း၊ ပန်းချီပြခန်း၊ အရုပ်ဆက်၊ စကားပုံဆက်၊ ဆေးရောင်ခြယ်၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာပေစကားဝိုင်း၊ စာပေဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာအုပ်အရောင်းဆိုင် အစရှိသည့် ကြိုတင်ခင်းကျင်းပြင်ဆင်မှုများ ပြီးစီးလုပြီဖြစ်သည်။




ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင် အဝင်လမ်းတစ်လျှောက် ကလေးစာပေပွဲတော် (ပုသိမ်)အထိမ်းအမှတ်အလံများ၊ မုခ်ဦးဆိုင်းဘုတ်များလည်း တပ်ဆင်ပြီးစီးပြီဖြစ်ပြီး အဆိုပါပွဲတော်သို့ မည်သူမဆို လွတ်လပ်စွာ လာရောက်လေ့လာကြည့်ရှုပါဝင်ဆင်နွှဲနိုင်ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပုသိမ်မြို့ ကလေးစာပေပွဲတော်တွင် နိုင်ငံကျော်စာရေးဆရာကြီးများ၊ ရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော်များ ပါဝင်၍ စာပေဟောပြောပွဲနှင့် ကလေးစာပေမြှင့်တင်ရေး စာပေဆွေးနွေးပွဲများကျင်းပသွားမည်

**ပုသိမ် နိုဝင်ဘာ ၁**

ကလေးစာပေပွဲတော်(ပုသိမ်)ကို ပုသိမ်တက္ကသိုလ်တွင် နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ သုံးရက်တိုင် စာပေမြှင့်တင်ရေးဆိုင်ရာ ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ ပြပွဲ၊ ပြခန်း၊ ဂိမ်းကစားခြင်းနှင့် အားကစားပြိုင်ပွဲများ၊ စာအုပ်ဈေးရောင်းပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**ဆွေးနွေးဟောပြောမည်**

အဆိုပါပွဲတော် စတင်ကျင်းပသည့် ပထမနေ့ စာပေဟောပြောပွဲတွင် စာရေးဆရာ မောင်ရင့်မာ(ကျောင်းကုန်း)နှင့် ဆရာဇေယျာဘုန်းမြင့်(ဖျာပုံ)၊ ကလေးစာပေမြှင့်တင်ရေး စာပေဆွေးနွေးပွဲတွင် စာရေးဆရာဟိန်းလတ်၊ စာရေးဆရာ တေးရေး ဟသ်ာတမြင့်ငွေ၊ စာရေးဆရာ ကြည်မင်းနှင့် မြန်မာအိုင်ဒေါ်မှတေးသံရှင် ဇော်ကြီးတို့ကလည်းကောင်း၊ ဒုတိယနေ့ စာပေဟောပြောပွဲတွင် စာရေးဆရာ ကောင်းသန့်၊ မောင်စိန်ဝင်း(ပန်းမြိုင်လယ်)၊ ကလေးစာပေမြှင့်တင်ရေး ဆွေးနွေးပွဲတွင် တေးရေး မြင့်မိုးအောင်၊ စာရေးဆရာနှင့် ဓာတ်ပြားရအဆိုတော် ညိုမြလေး၊ စာရေးဆရာ ကျော်ဇောနှင့် ဆရာဇင်မင်း (သမိန်ထော)တို့က လည်းကောင်း၊ တတိယနေ့ စာပေဟောပြောပွဲတွင် စာရေးဆရာ ဝင်းနိုင် (သတိုး)၊ စာရေးဆရာ ခင်ဇော်ဝင်း (ထက်အောင်)နှင့် ကလေးစာပေမြှင့်တင်ရေး ဆွေးနွေးပွဲတွင် စာရေးဆရာ ဦးတင်အေး (တိုးဝေ)၊ တေးသံရှင် ဝါးခယ်မရဲမောင်၊ အဆိုတော် ဇော်ပိုင်နှင့် သရုပ်ဆောင် ပုလဲဝင်းတို့က လည်းကောင်း ပါဝင်ဆွေးနွေး ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

**မည်သူမဆို တက်ရောက်နိုင်**

စာပေဟောပြောပွဲနှင့် ကလေးစာပေမြှင့်တင်ရေး ဆွေးနွေးပွဲများကို ပွဲတော်ကျင်းပသည့် သုံးရက်တာကာလအတွင်း နံနက်ပိုင်း ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ စာပေဟောပြော၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ကလေးစာပေမြှင့်တင်ရေးဆွေးနွေးပွဲများကို အချိန်ခွဲ၍ ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ပထမထပ်၏ လက်ယာဘက်ရှိ ခန်းမတွင် ကျင်းပသွားမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများအပြင် စာပေဝါသနာရှင် မည်သူမဆို တက်ရောက်၍ ပါဝင်ဆွေးနွေးနိုင်ကြောင်း ကလေးစာပေပွဲတော်ကျင်းပရေး ကော်မတီထံမှ သိရသည်။

တက္ကသိုလ်ဝင်းအတွင်းရှိ ခန်းမများအလိုက် ဟောပြောပွဲ၊ ပြပွဲပြခန်း၊ အားကစားကွင်း၊ စာအုပ်အရောင်းဆိုင်၊ စတုဒိသာ ကျွေးမွေးလှူဒါန်းသည့်နေရာ စသည်တို့ကို ထားရှိပေးသွားမည်ဖြစ်ရာ ပွဲတော်လာညေ့်ပရိသတ်များ အလွယ်တကူ သိရှိနိုင်ရန်အတွက် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့တွင် လမ်းညွှန်မြေပုံနှင့် information centre ဖွင့်လှစ်ထားရှိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းဇော်ထွန်း(မြန်မာစာ)**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်တွင် ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)] က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ အိုးတန်းရပ်ကွက်၊ ရွှေဘန်းလမ်း၊ ရဘ-၁ တွင် ပါတီရုံးချုပ်တည်ရှိသော ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party(AFP)] က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၃၁-၁၀-၂၀၁၈ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party(AFP)] ၏ အလံပုံစံ**



**ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party(AFP)] ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကြိုတင်ဆန္ဒမဲ လက်မှတ်တွေကို ရွေးကောက်ပွဲကိုယ်စားလှယ်တွေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ၊ အများပြည်သူတွေနဲ့ အသိသက်သေတွေရဲ့ ရှေ့မှောက်မှာ ရေတွက်ရပါမယ်

ဒေါ်ဆုနှင်းဇော် (ဦးစီးအရာရှိ)

## ဆန္ဒမဲလက်မှတ် ရေတွက်ခြင်း၊ ရလဒ်ကြေညာခြင်းနှင့် ဥပဒေ

**ဆန္ဒမဲလက်မှတ်ရေတွက်ခြင်း၊ ရလဒ်ကြေညာခြင်းနှင့် ဥပဒေခေါင်းစဉ်ဖြင့် စကားဝိုင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းဦး၊ ဦးစီးအရာရှိ ဒေါ်မြသန္တာထွန်းနှင့် ဒေါ်ဆုနှင်းဇော်တို့ ပါဝင်ဆွေးနွေးခဲ့သည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။**

**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

*ယမန်နေ့မှအဆက်*

**ဦးမြင့်နိုင်** ။ ။ မဲရုံမှာပေးတဲ့ မဲပုံးထဲမှာ ထည့်တဲ့ မဲကျတော့ မဲရုံမှူးရဲ့လက်မှတ်ပါရတယ်။ မဲရုံမှူး လက်မှတ်မပါရင် ပယ်မဲဖြစ်သွားတယ်။ ခုနကြိုတင်မဲကျတော့ နှစ်မျိုးရှိပါတယ်။ ရပ်ကွက်ကပေးတဲ့ ကြိုတင်မဲနဲ့ မြို့နယ်ကပေးတဲ့ ကြိုတင်မဲ၊ ရပ်ကွက်ကပေးတဲ့ ကြိုတင်မဲကျတော့ မဲရဲ့ နောက်ကျောမှာ သက်ဆိုင်ရာ ရပ်ကျေးကော်မရှင်အဖွဲ့ခွဲရဲ့တာဝန်ရှိသူတွေက လက်မှတ်ထိုးရတာပါ။ မဲရုံမှူးမလိုဘူး၊ လက်မှတ်ထိုးတံဆိပ်ရိုက်တာပါ။ မြို့နယ်ကပေးတဲ့ ကြိုတင်မဲကျတော့ မြို့နယ်မဲဆန္ဒနယ် ပြင်ပမှာ ရောက်နေတဲ့သူတွေ၊ ခုနရပ်ကျေးကပေးတဲ့ ကြိုတင်မဲကကျတော့ ရပ်ကွက် / ကျေးရွာအုပ်စု မဲဆန္ဒနယ်အတွင်းမှာ ရှိနေတဲ့ နာမကျန်းတဲ့သူတွေ၊ မီးဖွားနေတဲ့သူတွေ၊ အချုပ်ကျနေတဲ့သူတွေ၊ မသန်စွမ်းတဲ့သူတွေ၊ အနာကြီးရောဂါ စွဲကပ်နေတဲ့သူတွေ သူတို့ကို အိမ်တိုင်ရာရောက်သွားပြီးတော့ ကြိုတင်မဲယူရတာ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲက (၂) ရက်အလိုမှာ ကြိုတင်ဆန္ဒမဲယူတယ်။

### ကြိုတင်ဆန္ဒပြုတဲ့အခါမှာ အမှန်ခြစ်

အဲဒီလို ကြိုတင်ဆန္ဒပြုတဲ့အခါမှာ အမှန်ခြစ်နဲ့ ဆန္ဒပြုရတာပါ။ မြို့နယ်ကပေးတာကျ မဲဆန္ဒနယ်ပြင်ပမှာ ရောက်နေတာ၊ ဥပမာ ဖောင်ကြီးသင်တန်းတက်နေတာ၊ ဇီးပင်ကြီး သင်တန်းတက်နေတာ၊ မဲဆန္ဒနယ်ပြင်ပ ဆေးရုံမှာ ဆေးရုံတက်နေတာ၊ နိုင်ငံပြင်ပမှာ ရောက်နေတာ၊ ဒါတွေကို ကြိုတင်မဲပေးတာ၊ အဲဒါလည်းပဲ အမှန်ခြစ်နဲ့ပဲ ပေးရတာပါ။ အဲဒီအခါမှာလည်း မြို့နယ်ကော်မရှင်အဖွဲ့ ခွဲက တာဝန်ရှိတဲ့သူက လက်မှတ်ထိုးပြီး တံဆိပ်ရိုက်တာဖြစ်ပါတယ်။ တစ်ခါက ကြိုတင်မဲပေးကြတဲ့အခါမှာ ကြိုတင်မဲလက်မှတ်မှာ မဲရုံမှူးလက်မှတ်မပါဘူး၊ မဲရုံမှူးလက်မှတ်မပါရင် ပယ်မဲဖြစ်သွားလိမ့်မယ်ဆိုပြီး မဲဆန္ဒရှင်တွေက အမှတ်မှားခဲ့တာရှိပါတယ်။ ဒ့ါကြောင့် ပယ်မဲသတ်မှတ်တဲ့နေရာမှာလည်း မဲရုံအတွင်းမှာ မဲပုံးထဲမှာထည့်တဲ့ မဲ၊ ကြိုတင်မဲနဲ့ ပယ်မဲသတ်မှတ်ပုံခြင်း ခြားနားတာလေးတွေကိုလည်း သိစေချင်ပါတယ်။

**ဒေါ်မြသန္တာထွန်း** ။ ။ ကြိုတင်ဆန္ဒမဲတွေကို ပယ်မဲအဖြစ်နဲ့ သတ်မှတ်ဖို့ ကော်မရှင်ကနေပြီး ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်ထဲမှာပါတဲ့ အချက်လေးတွေ ရှိပါသေးတယ်။ အဲဒီအချက်လေးတွေကတော့ ဆန္ဒပြုရမယ့်အကွက်မှာ ဆန္ဒမပြုဘဲ အဲဒီအကွက်ရဲ့ပြင်ပမှာ ဆန္ဒပြုထားတဲ့ မဲလက်မှတ်တွေ၊ အစွန်းအထင်းပါတဲ့ ဆန္ဒမဲလက်မှတ်တွေ၊ လုံးဝကို ဆန္ဒပြုထားခြင်းမရှိတဲ့ ဆန္ဒမဲလက်မှတ်တွေ၊ ဘယ်လွှတ်တော်ကိုယ်စားလှယ်လောင်းကို ဆန္ဒပြုထားတယ်ဆိုတာကို အဆုံးအဖြတ်ပေးဖို့ ခက်တဲ့ဆန္ဒမဲလက်မှတ်တွေ၊ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပိုပြီး ဆန္ဒပြုထားတဲ့ ဆန္ဒမဲလက်မှတ်တွေ၊ ကြက်ခြေခတ်နဲ့ ဆန္ဒပြုထားတဲ့ ဆန္ဒမဲလက်မှတ်တွေ၊ မဲလက်မှတ်ရဲ့ နောက်ကျောမှာဆိုရင် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရဲ့ တံဆိပ်မပါတာ၊ တာဝန်ခံထုတ်ပေးတဲ့သူရဲ့ အမည်နဲ့ လက်မှတ် မပါရှိတဲ့ ဆန္ဒမဲလက်မှတ်တွေကို ပယ်မဲအဖြစ်နဲ့ သတ်မှတ်ဖို့အတွက် ကော်မရှင်ကနေ ထပ်ဆင့်ပြီး ထုတ်ပြန်ထားပါတယ်။

**ဦးမြင့်နိုင်** ။ ။ အဲဒီအချက်တွေကိုမဲရေတဲ့နေရာမှာ သတိပြုဖို့ လိုပါတယ်။ ပယ်မဲတွေ သတ်မှတ်ပြီးရင် အဲဒီပယ်မဲတွေ သတ်မှတ်တာကို ဘယ်ပုံစံနဲ့ ဖြည့်ပြီး ဘယ်လိုဆောင်ရွက်ပါသလဲ။

**ဒေါ်မြသန္တာထွန်း** ။ ။ မဲရုံမှာဆိုရင် မဲရုံမှူးကနေ ပယ်လိုက်တဲ့ ပယ်မဲတွေကို ဆန္ဒမဲလက်မှတ်တွေနဲ့ ကြိုတင်ဆန္ဒမဲလက်မှတ်တွေကို ရေတွက်တဲ့အခါမှာ ပယ်မဲတစ်စောင်ချင်းအလိုက် အမှတ်စဉ် ရေးထိုးထားရမှာဖြစ်ပါတယ်။ အဲဒီလို ပယ်လိုက်တဲ့ ပယ်မဲတွေကို အမှတ်စဉ်ရေးထိုးတဲ့အခါမှာ ပယ်မဲတစ်စောင်ချင်းအလိုက် ပယ်ရတဲ့ အကြောင်းရင်းကိုတော့ မဲရုံမှာဆိုရင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်လွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေအတွက် ဘာကြောင့် ပယ်ရတယ်ဆိုတဲ့အကြောင်းကို ပုံစံ (၁၇) နဲ့ စာရင်းရေးသွင်းပါတယ်။

### သက်ဆိုင်ရာမဲရုံမှူးက လက်မှတ်ရေးထိုး

တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းတွေအတွက်ကတော့ ပုံစံ (၁၇-က) နဲ့ မှတ်တမ်းရေးသွင်း ပြုစုပါတယ်။ မဲရုံမှာ ပြုစုလိုက်တဲ့ ပုံစံတွေကို သက်ဆိုင်ရာ မဲရုံမှူးက လက်မှတ်ရေးထိုးထားရမှာ ဖြစ်ပါတယ်။ ဒါကတော့ မဲရုံမှာ ပယ်လိုက်တဲ့ ပယ်မဲတွေကို မှတ်တမ်းရေးသွင်းတဲ့ပုံ ဖြစ်ပါတယ်။ မြို့နယ်မှာ ပယ်လိုက်တဲ့ ပယ်မဲတွေကို မှတ်တမ်းရေးသွင်းတဲ့ ပုံစံလေးတွေ ရှိပါတယ်။ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတွေအတွက် ပုံစံ (၁၇-က) နဲ့ မှတ်တမ်းရေးသွင်းပြီးတော့ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတွေအတွက်က ပုံစံ (၁၇-ခ) နဲ့ မှတ်တမ်းတွေ ရေးသွင်းပါတယ်။

တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းတွေအတွက်ကတော့ ပုံစံ (၁၇-ဂ) နဲ့ မှတ်တမ်းတွေ ရေးသွင်းရပါတယ်။ မြို့နယ်အဆင့်မှာလည်းပဲ ပယ်ရတဲ့အကြောင်းတွေ ရေးသွင်းထားတဲ့ ပုံစံတွေကိုတော့ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရဲ့ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးကနေ လက်မှတ်ရေးထိုးထားရမှာ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဘာကြောင့် ပယ်တယ်ဆိုတာကို စနစ်တကျ မှတ်တမ်းထားရှိရပါ တယ်။ ပယ်မဲတွေ နုတ်လိုက်မယ်ဆိုရင် ကျန်တာတွေက ခိုင်လုံမဲတွေဖြစ်သွားပါတယ်။ ပြည်သူ့လွှတ်တော်ရယ်၊ အမျိုးသားလွှတ်တော်ရယ်၊ တိုင်းဒေသကြီး / ပြည်နယ် လွှတ်တော်တွေ တွက်ဆို ပုံစံ (၁၆) ရေးသွင်းပါတယ်၊ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ရှိခဲ့မယ်ဆို ပုံစံ (၁၆-က) နဲ့သွင်းပါတယ်။ အဲဒီလိုရေးသွင်းပြီးရင် ဘယ်လိုဆောင်ရွက်တာပါသလဲ။

**ဦးမြတ်ထွန်းဦး** ။ ။ ဆန္ဒမဲလက်မှတ်တွေ အားလုံး ရေတွက်ပြီးသွားတဲ့နောက်မှာတော့ မဲရုံမှူးက ပုံစံ (၁၆) နဲ့ ပုံစံ (၁၆-က) တွေမှာ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိတဲ့ ဆန္ဒမဲလက်မှတ်အရေအတွက်ကို စာနဲ့သော်လည်းကောင်း၊ ဂဏန်းဖြင့်သော်လည်းကောင်း ရေးသွင်းပြီးတော့မှ လွှတ်တော်အသီးသီးအလိုက်အတွက်ကို (၅) စောင်စီပြုစုရပါတယ်။

အဲဒီ (၅) စောင်ထဲကမှ တစ်စောင်ကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊ (၂) စောင်ကိုတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲကို ပေးပို့ရပါတယ်။ တစ်စောင်ကိုတော့ မဲရုံမှူးက မိမိလက်ဝယ်မှာ ထိန်းသိမ်းထားရှိပြီး တစ်စောင်ကို သက်ဆိုင်ရာမဲရုံမှာ ကပ်ထား ကြေညာပေးရပါတယ်။ အဲဒါကတော့ မဲရုံမှာ ကပ်ထားကြေညာတဲ့ မဲရလဒ်တွေပဲ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ မဲရုံမှာကပ်ထားပြီ။ ကပ်ထားလိုက်လို့ရှိရင် ဘယ်သူမဆို ကြည့်လို့ရသွားပြီ။ ကူးလို့လည်းရသွားပြီ။ အများမြင်သာအောင် မဲဆန္ဒရှင်တွေ မြင်သာအောင် ကပ်လိုက်တာ ဖြစ်ပါတယ်။ အဲဒီကပ်ထားတဲ့ ရလဒ်ဟာ မဲပုံးထဲမှ မဲအရေအတွက်နဲ့ မဲဆန္ဒနယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စုက ကြိုတင်မဲတွေရဲ့အရေအတွက်က အမှန်အကန်ပဲ။ ဘာမှပြင်းလို့မရတော့ဘူး။ မဲရုံမှာရေတွက်တဲ့မဲပဲ၊ ပယ်မဲတွေကလည်း ပယ်မဲတွေမှတ်တယ်။ လက်ကျန်မဲတွေ၊ မဲရုံမှူးလက်မှတ်ထိုးထားပြီး ပယ်ဖျက်လိုက်တဲ့မဲတွေ၊ ခိုင်လုံမဲတွေ စသည်ဖြင့် ဒါတွေရှိပါတယ်။

မဲရုံကရတဲ့ရလဒ်နဲ့ အဲဒီပစ္စည်းတွေကို အကုန်ထုပ်ပိုးပြီးတော့ ပို့ရပါတယ်။ ဘယ်လိုထုပ်ပိုးရမယ်ဆိုတာကို နည်းလမ်းသတ်မှတ်ထားတယ်။ စနစ်တကျပဲ။ နည်းလမ်းသတ်မှတ်ထားတာကို ဦးမြတ်ထွန်းဦးက နည်းနည်းရှင်းပြပါဦး။

**ဦးမြတ်ထွန်းဦး** ။ ။ မဲပုံးထဲက ထုတ်ယူရရှိတဲ့ဆန္ဒမဲလက်မှတ်တွေနဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲကနေပြီး မဲရုံမဖွင့်မီ လက်ခံရရှိထားတဲ့ ကြိုတင်ဆန္ဒမဲလက်မှတ်တွေကို ရေတွက်ပြီးတဲ့နောက်မှာ မဲရုံမှူးက သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိတဲ့ ဆန္ဒမဲလက်မှတ်နဲ့ ကြိုတင်ဆန္ဒမဲလက်မှတ်တွေကို သီးခြားစီ အိတ်တွေမှာ ထည့်ပြီးတော့ လုံခြုံစွာပိတ်ပြီးတော့ မဲရုံမှူးက ချိပ်တံဆိပ်ရိုက်နှိပ်ရမှာ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး တစ်ဦးကို တစ်အိတ်လား။

**ဦးမြတ်ထွန်းဦး** ။ ။ ဟုတ်ကဲ့ပါ။ အဲဒီအိတ် အသီးသီးရဲ့ အပေါ်မှာ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ အမည်၊ မဲဆန္ဒနယ်အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ ခွဲအမည်နဲ့ မဲရုံအမှတ်တို့ကို ထင်ရှားစွာ ရေးသားဖော်ပြရမှာ ဖြစ်ပါတယ်။ ပြီးတဲ့နောက်မှာ ပယ်မဲတွေအားလုံးကို အိတ်တစ်အိတ်မှာထည့်ပြီး လုံခြုံစွာ ပိတ်ပြီးတော့မှ မဲရုံမှူးက ချိပ်တံဆိပ်ရိုက်နှိပ်ရမှာ ဖြစ်ပါတယ်။

အဲဒီအိတ်ရဲ့အပေါ်မှာ မဲဆန္ဒနယ်အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲအမည်နဲ့ မဲရုံအမှတ်ကို ထင်ရှားစွာ ရေးသားဖော်ပြရမှာ ဖြစ်ပါတယ်။ ပြီးတဲ့နောက်မှာတော့ အဲဒီအိတ်အားလုံးကို အထုပ်တစ်ထုပ် ပြုလုပ်ရမှာဖြစ်ပါတယ်။ မဲရုံပိတ်ပြီးတဲ့အချိန်မှာတော့ မဲရုံမှူးက အသုံးမပြုဘဲ ကျန်ရှိနေတဲ့ ဆန္ဒမဲလက်မှတ်၊ လက်ခံဖြတ်ပိုင်းနဲ့ ပုံစံ (၁၆-၁) တွေ၊ နောက် မဲရုံမှာ အသုံးပြုတဲ့ မဲစာရင်းစာအုပ်တွေ၊ ကြိုတင်ဆန္ဒမဲ လက်မှတ် လက်ခံဖြတ်ပိုင်းတွေ၊ ပြီးတော့ ပယ်မဲပုံစံ (၁၇) နဲ့ (၁၇-က) တွေကို အထုပ်တစ်ထုပ်စီ ပြုလုပ်ရမှာဖြစ်ပါတယ်။

### ချိပ်တံဆိပ်ရိုက်နှိပ်

အထုပ်တွေရဲ့ အပေါ်မှာ အထုပ်ထဲမှာ ပါဝင်တဲ့ ပစ္စည်းအမျိုးအမည်ရယ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲအမည်နဲ့ မဲရုံအမှတ်တွေကို ထင်ရှားစွာ ရေးသားဖော်ပြရမှာ ဖြစ်ပါတယ်။ ပြီးတဲ့နောက်မှာတော့ အဲဒီအထုပ်တွေအားလုံးကို အထုပ်ကြီး တစ်ထုပ်ပြုလုပ်ရမှာ ဖြစ်ပါတယ်။ အဲဒါပြီးတဲ့နောက်မှာတော့ မဲရုံမှူးက ပထမဦးဆုံးထုပ်ခဲ့တဲ့ ကိုယ်စားလှယ်လောင်း အသီးသီးရရှိတဲ့ ဆန္ဒမဲ၊ ကြိုတင်ဆန္ဒမဲလက်မှတ်နဲ့ ပယ်မဲအိတ်တွေကို ထည့်ထားတဲ့အထုပ်နဲ့ မဲရုံပိတ်ပြီးတဲ့နောက်မှာ ပစ္စည်းထုပ်တွေထည့်ထားတဲ့အထုပ်ကို အိတ်ကြီးတစ်လုံးထဲကို ထည့်ပြီးတော့မှ ချိပ်တံဆိပ်ရိုက်နှိပ်ရမှာ ဖြစ်ပါတယ်။

အဲဒီအိတ်ကြီးကို လွှတ်တော် ကိုယ်စားလှယ်လောင်း အသီးသီးရရှိတဲ့ ဆန္ဒမဲစာရင်းပုံစံ (၁၆) နဲ့ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းတွေရရှိတဲ့ ဆန္ဒမဲစာရင်းပုံစံ (၁၆-က) တွေ ထည့်ထားတဲ့ စာအိတ်နဲ့အတူ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဆီကို အမြန်ဆုံးပေးပို့ရမှာ ဖြစ်ပါတယ်။ အဲဒီအိတ်ကြီးရဲ့အပေါ်မှာ ပေးပို့လိုက်တဲ့ မဲရုံအမှတ်နဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရဲ့အမည်ကို ရေးသားဖော်ပြပေးရမှာ ဖြစ်ပါတယ်။

သဘာဝဘေးအန္တရာယ်ကြောင့်ပဲဖြစ်ဖြစ်၊ လုံခြုံရေးအခြေအနေကြောင့်ပဲဖြစ်ဖြစ် အဲဒီလို ပေးပို့နိုင်တဲ့ အခြေအနေမှာ မရှိခဲ့ဘူးဆိုရင်တော့ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာကော်မရှင်အဖွဲ့ခွဲထံမှာ အပ်နှံထားရမှာဖြစ်ပါတယ်။ အထူးမှတ်သားရန်အချက်ကတော့ အခုဆွေးနွေးအကြံပြုချက်ထဲမှာ မပါတဲ့ ကိစ္စရပ်တစ်ရပ်ရပ် ပေါ်ပေါက်ခဲ့မယ်ဆိုရင်တော့ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာကော်မရှင်အဖွဲ့ခွဲထံကို တင်ပြပြီးတော့ လမ်းညွှန်မှုခံယူရမှာ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဒါအရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ခုပါ။ မမျှော်လင့်တဲ့ အနှောင့်အယှက်တစ်စုံတစ်ရာ အခြေအနေပေါ်ပေါက်ခဲ့မယ်ဆိုရင် ဘယ်လိုဆောင်ရွက်ရမလဲ ဆိုတာကို ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို တင်ပြပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ခုန ဦးမြတ်ထွန်းဦးပြောတဲ့ အထုပ်တိုင်း အထုပ်တိုင်း၊ အိတ်တိုင်း အိတ်တိုင်းမှာ ထုပ်ပြီးတော့ မဲရုံမှူးက ချိပ်တံဆိပ်ရိုက်နှိပ်တယ်။ အဲဒီမှာလည်းပဲ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းတွေနဲ့ မဲရုံကိုယ်စားလှယ်တွေရှိသေးတယ်။ သူတို့ကလည်း တံဆိပ်ရိုက်နှိပ်ချင်ပါတယ်ဆိုရင်လည်း ခွင့်ပြုရမယ်။ မြို့နယ်ကို ရောက်သွားပြီ မြို့နယ်ကလည်းပဲ ဆောင်ရွက်ရမယ့်ကိစ္စတွေရှိသေးတယ်။

မြို့နယ်မှာ ခုန ရောက်နေတဲ့ ကြိုတင်မဲတွေရှိတယ်။ အဲဒါတွေဘယ်လိုရေသလဲ၊ မြို့နယ်မှာရောက်နေတဲ့ ကြိုတင်မဲတွေနဲ့ မဲရုံက ပုံစံ (၁၆)၊ (၁၆-က) တွေနဲ့ပေးလိုက်တဲ့ မဲရလဒ်တွေကို ဘယ်လိုပေါင်းပြီး ဆက်လက်ဆောင်ရွက်သလဲ ဆိုတာကို ဒေါ်ဆုနှင်းဇော်က ပြောပြပေးပါဦး။

**ဒေါ်ဆုနှင်းဇော်** ။ ။ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအနေနဲ့ ရွေးကောက်ပွဲ ကျင်းပတဲ့နေ့ ညနေ ၄ နာရီ အထိ သူတို့လက်ခံရရှိထားတဲ့ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ပုံစံ (၁-၁) နဲ့ပြုစုထားတဲ့ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတွေ၊ ပုံစံ (၁-၂) နဲ့ ပြုစုထားတဲ့ တပ်မတော်သားနဲ့ အတူနေ မိသားစုဝင်တွေ၊ ပုံစံ (၁-၃) နဲ့ ပြုစုထားတဲ့ အစိုးရရဲ့ ခွင့်ပြုချက်နဲ့ နိုင်ငံပြင်ပရောက်ရှိနေတဲ့ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတွေကနေပေးထားတဲ့ ကြိုတင်ဆန္ဒမဲလက်မှတ်တွေကို ရွေးကောက်ပွဲကိုယ်စားလှယ်တွေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ၊ အများပြည်သူတွေနဲ့ အသိသက်သေတွေရဲ့ ရှေ့မှောက်မှာ ရေတွက်ရပါမယ်။

*စာမျက်နှာ ၁၁ သို့*



ဦးမြင့်နိုင်



ဦးမြတ်ထွန်းဦး



ဒေါ်မြသန္တာထွန်း



ဒေါ်ဆုနှင်းဇော်

**“ ပြည်သူ့လွှတ်တော်နဲ့ တိုင်းဒေသကြီး လွှတ်တော်ကို မြို့နယ်မှာပြီးသွားပြီ။ ခရိုင်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းအတွက်ပဲ ပြုစုပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်က ခရိုင်တစ်ခုတည်းမှာ အဲဒီခရိုင်တစ်ခုတည်းမှာရှိတဲ့ မြို့နယ်တွေက တင်လာတဲ့ပုံစံ (၁၉) တွေကို ပေါင်းပြီး ပုံစံ (၁၉-က) ပြုစုတာဖြစ်ပါတယ်။ ခရိုင်တစ်ခုထက် ပိုလာရင်တော့ ခရိုင်တွေကရှိတဲ့ မြို့နယ်တွေက ပုံစံ (၁၉) တွေ ပေါင်းပြီး ပုံစံ (၁၉-ခ) ပြုစုလိုက်တာဖြစ်ပါတယ် ”**

*စာမျက်နှာ ၁၀ မှ*

အဲဒီလိုရေတွက်တဲ့အခါမှာတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်လောင်း အသီးသီးရရှိတဲ့ ဆန္ဒမဲအရေအတွက်ကိုတော့ ပုံစံ (၁၈) မှာ ဖြည့်သွင်းပြုစုရမှာ ဖြစ်ပြီးတော့ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်းရရှိတဲ့ ကြိုတင်ဆန္ဒမဲလက်မှတ်ကိုတော့ ပုံစံ (၁၈-က) မှာ ဖြည့်သွင်းပြုစုရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ပယ်မဲတွေအနေနဲ့ကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတွေအတွက်ကိုတော့ ပုံစံ (၁၇-က) မှာ ဖြည့်သွင်းပြုစုရမှာ ဖြစ်ပြီးတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်လောင်းတွေအတွက် ဆိုရင်တော့ ပုံစံ (၁၇-ခ) မှာ ဖြည့်သွင်းပြုစုရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းတွေအတွက် ဆိုရင်တော့ ပုံစံ (၁၇-ဂ) မှာ ဖြည့်သွင်းပြုစုရမှာ ဖြစ်ပါတယ်။

**ရေတွက်ခြင်းလုံးဝမပြု**

အထူးသတိပြုရမယ့် အချက်အနေနဲ့ကတော့ ရွေးကောက်ပွဲကျင်းပတဲ့နေ့ ညနေ ၄ နာရီထက် ကျော်လွန်ရောက်ရှိလာတဲ့ ကြိုတင်ဆန္ဒမဲလက်မှတ်တွေကိုတော့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရေတွက်ခြင်း လုံးဝမပြုရပါဘူး။

**ဦးမြင့်နိုင်** ။ ။ ဒါ့ကြောင့် ၄ နာရီထိုးတာနဲ့ ချက်ချင်းရေပါလို့ပြောတာဖြစ်ပါတယ်။ ပုံစံ (၁-၁)၊ (၁-၂)၊ (၁-၃) နဲ့ ရောက်လာတဲ့ ကြိုတင်မဲတွေကို ချက်ချင်းရေရတာ။ ၄ နာရီထိုးပြီးနောက်ပိုင်းမှ ရောက်လာတဲ့ မဲတွေက ရေလို့မရတော့ဘူး။ ဒါက အရေးကြီးပါတယ်။ မြို့နယ်က ပြုစုရတာ ပုံစံ (၁၈)နဲ့ (၁၈-က)၊ (၁၈)နဲ့ (၁၈-က) မှာရတဲ့ မဲရလဒ်တွေနဲ့ မဲရုံမှူးက ပို့လိုက်တဲ့ ပုံစံ (၁၆) ရလဒ်နဲ့ ပုံစံ (၁၈) ရလဒ်နဲ့ပေါင်းပြီးတော့ ပုံစံ (၁၉) ပြုစုတယ်။

တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ရှိခဲ့ရင်တော့ ပုံစံ(၁၆-က) နဲ့ ပုံစံ (၁၈-က) ပြုစုထားတာကို ပေါင်းပြီးတော့ ပုံစံ (၁၉-က) ပြုစုတယ်။ မြို့နယ်က ပြုစုလိုက်တာက ပြည်သူ့လွှတ်တော်ရယ်၊ အမျိုးသားလွှတ်တော်ရယ်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ အတွက်ကတော့ ပုံစံ (၁၉) နဲ့ ပြုစုတယ်။ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်ရှိရင် ပုံစံ (၁၉-က) နဲ့ ပြုစုတယ်။ ပုံစံ (၁၉) နဲ့ (၁၉-က) ကိုလည်း ကပ်လိုက်တာဖြစ်ပါတယ်။

ပုံစံ (၁၉) အရဆိုရင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းနဲ့ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်းတွေအတွက် ရတဲ့ရလဒ်ဟာ အပြီးပဲ။ ပြည့်စုံသွားတာပေါ့။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း အတွက်က မပြီးသေးဘူး။ ခရိုင်အလိုက် မဲဆန္ဒနယ်ရှိပါတယ်။ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်းရဲ့မဲဆန္ဒနယ် တစ်တိုင်းပြည်လုံးရှိတဲ့ တိုင်းဒေသကြီးဆို တိုင်းဒေသကြီး၊ ပြည်နယ်ဆိုပြည်နယ်တစ်ခုအတွင်း အဲဒီအတွင်းမှာ မဲဆန္ဒနယ်ဆိုရင် အဲဒီမဲဆန္ဒနယ်က ရလဒ်တွေကို အကုန်ပေါင်းပြီးတော့မှ အပြီးသတ်ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ရယ်၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တွေ အတွက်ကတော့ ခုန မြို့နယ်မှာကြေညာတဲ့ ပုံစံ (၁၉) သည် အပြီးဖြစ်သွားပါတယ်။ ရလဒ်က အပြည့်အစုံပဲ။ ထပ်တိုးစရာအကြောင်း မရှိတော့ဘူး။ အဲဒီလိုပြီးတဲ့အခါ ဘယ်လိုဆောင်ရွက်သလဲ ပြောပြပါဦး။

**ဒေါ်ဆုနှင်းဇော်** ။ ။ မြို့နယ်ကနေ ပုံစံ (၁၉) တွေ (၁၉ - က) တွေ ပြုစုပြီးတဲ့နောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်ကို ပေးပို့ပြီးတော့ တစ်စောင်ကိုတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသ ဒါမှမဟုတ်ရင် ခရိုင် ကော်မရှင်အဖွဲ့ခွဲကို ပေးပို့ရပါတယ်။ တစ်စောင်ကိုတော့ ရုံးမှာ လက်ခံအဖြစ် သိမ်းဆည်းထားပြီးတော့ တစ်စောင်ကိုတော့ မြို့နယ်အဖွဲ့ခွဲရုံးမှာ ကပ်ထား ကြေညာပါတယ်။ မြို့နယ်ကော်မရှင် အဖွဲ့ခွဲက စုစုပေါင်းစာရင်း (၄) စောင် ပြုစုရပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဒါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ဆောင်ရွက်ရတဲ့ လုပ်ငန်းဖြစ်ပါတယ်။ မဲရေတွက်ခြင်းနဲ့ ရလဒ်ကြေညာခြင်း လုပ်ငန်းပါ။ ခုနက ဦးမြတ်ထွန်းဦး ပြောတာကတော့ မဲရုံမှာ ရေတွက်ခြင်းနဲ့ မဲရုံမှာ ရလဒ်ကြေညာခြင်း ဖြစ်ပါတယ်။ မဲရလဒ်ကိုပဲ ကြေညာတယ်။ ရွေးခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်း ဘယ်သူဆိုတာ မကြေညာသေးဘူး။ အဲဒီတော့ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကလည်း ဆောင်ရွက်ရတာရှိပါတယ်။ ဒါလေးကို ပြောပြပါ။

**“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအနေနဲ့ ဒီရွေးကောက်ပွဲ အနိုင်အရှုံးရလဒ်တွေကို ကြေညာပြီးတဲ့အခါမှာတော့ ကြေညာချက်တစ်စောင်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံကို ပေးပို့ပေးရပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲကနေ ပေးပို့လာတဲ့ ရွေးကောက်ပွဲအနိုင်အရှုံးရလဒ်တွေကို လက်ခံရရှိတဲ့အခါ တစ်တိုင်းပြည်လုံးအတိုင်းအတာနဲ့ သိရှိနိုင်စေဖို့ နိုင်ငံပိုင်မီဒီယာတွေကနေတစ်ဆင့် ကြေညာပေးသွားမှာပဲ ဖြစ်ပါတယ်”**

**ဒေါ်မြသန္တာထွန်း** ။ ။ ခရိုင်အဆင့်မှာ ဆိုရင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းတွေအတွက် ဆန္ဒမဲရလဒ်တွေကို ပြုစုပါတယ်။ အဲဒီလို ပြုစုတဲ့အခါမှာ ထူးခြားမှု တစ်ခုအနေနဲ့က လွှတ်တော်ရွေးကောက်ပွဲ ဥပဒေအရ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ် တစ်ခုမှာ မဲဆန္ဒနယ် ၁၂ နယ်သာ သတ်မှတ်ရတာ ဖြစ်တဲ့အတွက်ကြောင့် တချို့မဲဆန္ဒနယ်တွေမှာဆိုရင် ခရိုင်တစ်ခုသာ ပါဝင်ပြီး တချို့မဲဆန္ဒနယ်တွေမှာတော့ ခရိုင်တစ်ခုထက် ပိုမိုနေတဲ့ အခြေအနေမျိုးတွေလည်းရှိပါတယ်။ ခရိုင်တစ်ခုထက် ပိုမိုပါဝင်နေမယ်ဆိုရင် ကော်မရှင်ကနေ သတ်မှတ်ပေးတဲ့ ခရိုင်ကော်မရှင်အဖွဲ့ခွဲကို ပုံစံ (၁၉) တွေ ပေးပို့ရတာ ဖြစ်ပါတယ်။

အဲဒီလို မြို့နယ်ကနေ ပြုစုလိုက်တဲ့ ပုံစံ (၁၉) တွေကို အခြေပြုပြီးတော့ သက်ဆိုင်ရာခရိုင်အဖွဲ့ခွဲ အနေနဲ့ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် တစ်နယ်အတွင်းမှာပဲ ခရိုင်တစ်ခုတည်းသာ ပါဝင်နေမယ်ဆိုရင် ပုံစံ (၁၉-က) နဲ့ စာရင်းတွေပြုစုပြီးတော့ ခရိုင်တစ်ခုထက် ပိုမိုပါဝင်နေမယ်ဆိုရင်တော့ ပုံစံ (၁၉-ခ) နဲ့ စာရင်းတွေစုစည်းပြီး ပြုစုရပါတယ်။ အဲဒီလို ပုံစံတွေကို ပြုစုပြီးတဲ့ အခါမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲကို ဆက်လက်ပြီး ပုံစံတွေ ပေးပို့ရပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းတွေအတွက် ခရိုင်ကော်မရှင်အဖွဲ့ခွဲကနေ ပြုစုလိုက်တဲ့ ပုံစံ (၁၉-က) ဒါမှမဟုတ် ပုံစံ(၁၉-ခ) တွေကတော့ သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းအသီးသီး ရရှိတဲ့ နောက်ဆုံး ဆန္ဒမဲ ရလဒ်အပြည့်အစုံပဲ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဒါလည်း ခရိုင်ကော်မရှင်အဖွဲ့ခွဲက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ၊ တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းတွေ အတွက် ရတဲ့ရလဒ်တွေကို ဘာမှမဆောင်ရွက်ပါဘူး။

ပြည်သူ့လွှတ်တော်နဲ့ တိုင်းဒေသကြီး လွှတ်တော်ကို မြို့နယ်မှာပြီးသွားပြီ။ ခရိုင်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းအတွက်ပဲ ပြုစုပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းအတွက်က ခရိုင်တစ်ခုတည်းမှာ အဲဒီခရိုင်တစ်ခုထဲမှာရှိတဲ့ မြို့နယ်တွေက တင်လာတဲ့ပုံစံ (၁၉) တွေကို ပေါင်းပြီး ပုံစံ (၁၉-က) ပြုစုတာ ဖြစ်ပါတယ်။ ခရိုင်တစ်ခုထက် ပိုလာရင်တော့ ခရိုင်တွေကရှိတဲ့ မြို့နယ်တွေက ပုံစံ (၁၉) တွေ ပေါင်းပြီး ပုံစံ (၁၉-ခ) ပြုစုလိုက်တာဖြစ်ပါတယ်။ အဲဒီလို ခရိုင်က ပြုစုလိုက်တဲ့ ပုံစံ (၁၉-က) နဲ့ ပုံစံ (၁၉-ခ) အရဆိုရင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းတွေရဲ့ ရလဒ်က အပြည့်အစုံ ဖြစ်သွားပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် ကော်မရှင်အဖွဲ့ခွဲတွေက ဘာတွေဆက်ပြီး ဆောင်ရွက်သလဲ။

**ဦးမြတ်ထွန်းဦး** ။ ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဟာဆိုရင် မြို့နယ်ကနေ ပေးပို့လာတဲ့ ပုံစံ (၁၉) တွေ တိုင်းရင်းသား လူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်းတွေအတွက် ပေးပို့တဲ့ပုံစံ (၁၉-က) တွေ၊ အဲဒါအပြင် ခရိုင်က ပေးပို့တဲ့ ပုံစံ (၁၉ -က) ဒါမှမဟုတ်ရင် ပုံစံ(၁၉ -ခ) တွေနဲ့ စပ်လျဉ်းပြီးတော့မှ ပြည်သူ့လွှတ်တော် ဒါမှမဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတွေ အတွက် ပေးပို့လာတဲ့ ပုံစံ(၁၉) တွေအရ ခိုင်လုံ ဆန္ဒမဲအများဆုံး ရရှိထားတဲ့သူကို ရွေးကောက်တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းတွေအတွက် ပေးပို့လာတဲ့ ပုံစံ (၁၉-က) ဒါမှမဟုတ် ပုံစံ (၁၉ -ခ) တွေအရ ခိုင်လုံဆန္ဒမဲ အများဆုံးရရှိထားတဲ့သူကို ရွေးကောက်တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပါတယ်။ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းတွေအတွက် ပေးပို့ထားတဲ့ ပုံစံ (၁၉-က) တွေကို စုစည်းပြီးတော့မှ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရရှိတဲ့ ဆန္ဒမဲစာရင်းကို စုစည်းပြီးတော့ ပုံစံ (၁၉-ခ) မှာ ရေးသွင်းပြုစုရပါတယ်။

အဲဒီပုံစံ (၁၉-ခ) အရ ဒီခိုင်လုံဆန္ဒမဲ အများဆုံးရတဲ့ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်းကို ရွေးကောက်တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပါတယ်။ ဒါကတော့ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြေညာတဲ့ အနိုင်အရှုံးရလဒ်ပဲ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဆင့်ကဲဆင့်ကဲ တာဝန်လေးတွေ ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲကျတော့ တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ အတွက် ပုံစံ (၁၉) တွေ ဖြစ်ပါတယ်။ ပြန်ရေစရာ မလိုတော့ဘူး။ တန်းပြီး အများဆုံးရတဲ့သူကို ရွေးကောက်တင်မြှောက်ခံရသူအဖြစ် ကြေညာလိုက်တယ်။ တစ်ခါအမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းအတွက်ကျတော့ ခရိုင်ကနေပြီးတော့ ခရိုင်တစ်ခုထက်ပိုတာ၊ ခရိုင်တစ်ခုတည်းရှိတာ အဲဒါကို ပေါင်းပြီးတော့ ပြုစုလိုက်တဲ့ ပုံစံ (၁၉-က) နဲ့ (၁၉-ခ) အရပါ။

ဆန္ဒမဲလက်မှတ် အများဆုံးရရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းကို ရွေးကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာလိုက်တယ်။ တိုင်းရင်းသားလူမျိုး လွှတ်တော် ကိုယ်စားလှယ်ရှိရင်တော့ သူ့တိုင်းဒေသကြီး/ပြည်နယ် တစ်ခုလုံးဖြစ်တဲ့အတွက်ကြောင့် မြို့နယ်တွေက ပို့လိုက်တဲ့ ပုံစံ (၁၉ -က) တွေကို အားလုံးသူ့တိုင်း/ ပြည်နယ်အတွင်းမှာ ရှိတာတွေပေါင်းပြီးတော့ ပုံစံ (၁၉-ခ) နဲ့ ပြုစုလိုက်တာဖြစ်ပါတယ်။

ပြုစုပြီးတော့မှ အများဆုံးရလာတဲ့ တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်တွေကို အများဆုံးရတဲ့သူတွေကို ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာလိုက်တာပါ။ ခုနပြောတဲ့ မဲရုံမှာ ရလဒ်ကြေညာတယ်၊ မြို့နယ်မှာ ရလဒ်ကြေညာတယ်၊ ခရိုင်မှာ ရလဒ်ကြေညာတယ်၊ ရရှိတဲ့ မဲရလဒ်ကို ကြေညာတာပါ။ ရွေးကောက်ခံရတဲ့သူကိုကြေညာတာ အနိုင်အရှုံး ကြေညာတာမဟုတ်ဘူး။ အဲဒီတော့ ဆန္ဒမဲအများဆုံး ရရှိတဲ့သူသာ ရွေးကောက်တင်မြှောက်ခံရသူ ဖြစ်ကြောင်းကို တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြေညာခွင့်ရှိတယ်။ အဲဒီလိုကြေညာပြီးရင် ဘာဆက်လုပ်သလဲ။

**ဦးမြတ်ထွန်းဦး** ။ ။ အဲဒီလို ကြေညာပြီးရင် ကြေညာချက်တစ်စောင်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဆက်လက်ပေးပို့ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က အဲဒီကြေညာချက်တွေကို ဘာတွေဆက်လုပ်သလဲ။

**ဒေါ်ဆုနှင်းဇော်** ။ ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအနေနဲ့ ဒီရွေးကောက်ပွဲ အနိုင်အရှုံးရလဒ်တွေကို ကြေညာပြီးတဲ့အခါမှာတော့ ကြေညာချက်တစ်စောင်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံကို ပေးပို့ပေးရပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲကနေ ပေးပို့လာတဲ့ ရွေးကောက်ပွဲအနိုင်အရှုံးရလဒ်တွေကို လက်ခံရရှိတဲ့အခါ တစ်တိုင်းပြည်လုံးအတိုင်းအတာနဲ့ သိရှိနိုင်စေဖို့ နိုင်ငံပိုင်မီဒီယာတွေကနေတစ်ဆင့် ကြေညာပေးသွားမှာပဲ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဘယ်သူဟာ ရွေးကောက်တင်မြှောက်ခံရပိုင်ခွင့်ရှိတယ် ဆိုတဲ့ ရလဒ်ကိုတော့ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေကိုပဲ ကြေညာပိုင်ခွင့် ပေးထားတာပါ။ သူကပဲ ကြေညာရတာဖြစ်ပါတယ်။ အဲဒီကြေညာချက်ကိုမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပေးတဲ့အခါမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တစ်တိုင်းပြည်လုံးအတိုင်းအတာနဲ့ သိရှိနိုင်အောင် နိုင်ငံပိုင်သတင်းမီဒီယာတွေကနေ ထပ်ဆင့်ကြေညာပေးတာဖြစ်ပါတယ်။

ဒါ့ကြောင့်မို့ ရွေးကောက်ပွဲရလဒ်အခြေအနေတွေကို သိချင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ၊ နိုင်ငံရေးပါတီတွေ၊ စောင့်ကြည့်လေ့လာတဲ့သူတွေ၊ မီဒီယာတွေနဲ့ အခြားအဖွဲ့အစည်းတွေဖြစ်ပါတယ်။ ရွေးကောက်ပွဲရလဒ်နဲ့ ပတ်သက်လို့ သိချင်တာတွေရှိရင် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါတယ်။ ရလဒ်ကြေညာတာတွေဆောင်ရွက်ရတဲ့သူတွေဟာ အရေးကြီးလုပ်ငန်းတွေကို ထမ်းဆောင်ရတာဖြစ်တယ်။ ဂုဏ်ယူစရာ ဖြစ်ပါတယ်ဆိုတဲ့ အကြောင်းကို ဒေါ်မြသန္တာထွန်းက အနှစ်ချုပ်ပြီး ပြောပြပါဦး။

**ဒေါ်မြသန္တာထွန်း** ။ ။ မဲဆန္ဒရှင်တွေအနေနဲ့ မိမိတို့ စိတ်ကြိုက်ဆန္ဒပြုလိုက်တဲ့ ဆန္ဒမဲရလဒ်တွေကို ရေတွက်တာတွေ၊ မဲရလဒ်တွေကို ကြေညာပေးတဲ့ လုပ်ငန်းစဉ်တွေဟာ ဆိုရင် အရေးကြီးတယ်ဆိုတာကိုလည်း ခုနဆရာ ဦးမြတ်ထွန်းဦးနဲ့ ဒီက ညီမလေး ဆုနှင်းဇော်တို့နဲ့ ဆွေးနွေးတင်ပြသွားပြီး ဖြစ်ပါတယ်။ ရွေးကောက်ပွဲ လုပ်ငန်းစဉ် အဆင့်ဆင့်မှာ တာဝန်ယူဆောင်ရွက်ကြရတဲ့ မဲရုံမှူးအပါအဝင် ရွေးကောက်ပွဲလုပ်ငန်းမှာ တာဝန်ရှိတဲ့သူတွေ အားလုံးဟာဆိုရင် ရိုးသားဖြောင့်မတ်ကြရပါတယ်။

**သမာသမတ်ကျရမယ်**

အဲဒီလိုပဲ ဘက်လိုက်မှုကင်းပြီး သမာသမတ်လည်း ကျရပါတယ်။ နောက်ရလဒ်တွေကို ရေတွက်တဲ့အခါမှာ မှန်မှန်ကန်ကန် တိတိကျကျ ဆောင်ရွက်နိုင်ဖို့ အတွက်အချက် အပေါင်းအနုတ်တွေလည်း ကျွမ်းကျင်ထားကြရပါတယ်။ ရွေးကောက်ပွဲလုပ်ငန်းဆောင်တာတွေ ဆောင်ရွက်တဲ့အခါမှာလည်း ရဲရဲရင့်ရင့်နဲ့ ဆုံးဖြတ်ပြီး ဆောင်ရွက်ရပါတယ်။ အဲဒီလိုမျိုး ရွေးကောက်ပွဲလုပ်ငန်းစဉ်မှာ ဆုံးဖြတ်စရာရှိတာတွေကို ရဲရဲရင့်ရင့် ဆောင်ရွက်တဲ့ နေရာမှာလည်းပဲ မှန်ကန်ပြီး ဥပဒေနဲ့ညီတဲ့ ဆုံးဖြတ်ချက်တွေကိုလည်းပဲ ချမှတ်နိုင်ရမှာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်မှာ မိမိတို့ ဆောင်ရွက်လိုက်တဲ့ လုပ်ငန်းစဉ်မှန်သမျှဟာဆိုရင် ပွင့်လင်းမြင်သာမှုရှိရမှာ ဖြစ်တဲ့အပြင်ကို အများယုံကြည်လက်ခံနိုင်တဲ့ အနေအထားမျိုးလည်း ဖြစ်ရမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲ လုပ်ငန်းစဉ်မှာ မိမိတို့ပြုစုလိုက်တဲ့ စာရင်းဇယားတွေ၊ ဖြည့်သွင်းလိုက်တဲ့ ပုံစံတွေနဲ့ ဆောင်ရွက်သမျှအားလုံးကို သက်ဆိုင်ရာ ကိုယ်စားလှယ်လောင်းတွေ၊ မဲရုံကိုယ်စားလှယ်တွေ၊ အကူကိုယ်စားလှယ်တွေနဲ့ အများပြည်သူရဲ့ ရှေ့မှောက်မှာပဲ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ အများပြည်သူမြင်သာအောင် ပြသစရာတွေရှိခဲ့မယ်ဆိုရင်လည်း ပွင့်လင်းမြင်သာစွာနဲ့ ပြသပြီးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ချိပ်တံဆိပ်တွေ ရိုက်နှိပ်ခွင့်ရှိမယ်ဆိုရင်လည်း မဲရုံကိုယ်စားလှယ်တွေ ဒါမှမဟုတ် အကူကိုယ်စားလှယ်တွေကို ချိပ်တံဆိပ် ရိုက်နှိပ်ခွင့် ပေးရမှာဖြစ်ပါတယ်။ ဒီလိုမျိုး ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်ဆင့်ကို ပွင့်လင်းမြင်သာစွာနဲ့ ဆောင်ရွက်ခြင်းအားဖြင့် အများယုံကြည်လက်ခံတဲ့၊ ယုံကြည်အားထားရတဲ့ ရွေးကောက်ပွဲတစ်ခုကို အောင်အောင်မြင်မြင်နဲ့ ကျင်းပပေးနိုင်မှာ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ မဲရုံမှူးနဲ့ မဲရုံအဖွဲ့ဝင်တွေဟာ ဒီလုပ်ငန်းတာဝန်ဆောင်ရွက်တဲ့ နေရာမှာ အများရှေ့မှာလည်း ရေတွက်ရတယ်၊ ပုံစံတွေဖြည့်ရတယ်၊ ရလဒ်တွေကြေညာရတယ်ဆိုတဲ့အခါ ရဲရဲရင့်ရင့်သတ္တိလည်းရှိရပါတယ်။ ခုနပြောတဲ့ အပေါင်းအနုတ် အတွက်အချက်ကလည်း တတ်ကျွမ်းရမှာဖြစ်ပါတယ်။ သမာသမတ်ကျရမယ်။ ဘက်လိုက်မှုကင်းရမယ်။ ဒီဆန္ဒမဲ လက်မှတ်တစ်ခုက ဒါပယ်မဲပါလို့ ပြောလိုက်လို့ရှိရင် တစ်ဖက်က လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ မဲရုံကိုယ်စားလှယ်က ဒါကတော့ ပယ်မဲမသတ်မှတ်သင့်ပါဘူး၊ ဒါကတော့ ပယ်မဲသတ်မှတ်သင့်ပါတယ်လို့ ပြောကြမယ်ဆိုရင် မဲရုံမှူးက ဆုံးဖြတ်တာနဲ့ ပြီးသွားမယ်။ သူ့ဟာကို ဒါကတော့ ပယ်မဲပဲ ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ချက်ချလိုက်၊ ဆုံးဖြတ်ပြီးတော့ ဘာကြောင့်ပယ်ရသလဲ ပယ်ရတဲ့အကြောင်းရင်းကိုလည်း မှတ်တမ်းတင်ထားလိုက်ရင် ရတာပဲ ဖြစ်ပါတယ်။

အခု ဒီဆွေးနွေးချက်ကလေးကလည်း တစ်စိတ်တစ်ပိုင်းတော့ အထောက်အကူပြုမှာဖြစ်ပါတယ်။ အထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။ ။

**ရှင်မင်း**

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

(၁) မြီရှင်များ၏အကျိုးစီးပွား၊

(၂) လူမွဲ သို့မဟုတ် ၎င်း၏လက်ရှိ သို့မဟုတ် ယခင်အိမ်ထောင်ဖက်က လက်ရှိနေထိုင်သော နေအိမ်ဥပစာတည်ရှိသော မြေနှင့် စပ်လျဉ်း၍ လျှောက်ထားလာလျှင်၊

(ကက) လူမွဲဖြစ်စေသည့် ၎င်း၏လက်ရှိ သို့မဟုတ် ယခင် အိမ်ထောင်ဖက်၏ ပြုမူဆောင်ရွက်ချက်၊

(ခခ) လူမွဲ၏လက်ရှိ သို့မဟုတ် ယခင်အိမ်ထောင်ဖက်၏ လိုအပ်ချက်များနှင့် ငွေကြေးအခြေအနေ၊

(ဂဂ) လူမွဲ၏သားသမီးများအတွက် လိုအပ်ချက်များ၊ နှင့်

(၃) လူမွဲ၏လိုအပ်ချက်များမှအပ အခြားသောအခြေအနေများ။

(ဂ) ဤအပိုင်းအရ လူမွဲပိုင်ပစ္စည်းများအား ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ပထမဆုံး တရားဝင်လွှဲပြောင်းရောက်ရှိသွားသည့် အချိန်မှစ၍ တစ်နှစ်ကုန်ဆုံးပြီးနောက်မှ ပုဒ်မခွဲ (က)အရ လျှောက်လွှာတင်သွင်းခြင်းဖြစ်လျှင် ထူးခြားသောအခြေအနေ မရှိပါက မြီရှင်များ၏ အကျိုးစီးပွားများသည် အခြားသောအချက်များထက် ဦးစားပေး စဉ်းစားရမည်။

**လက်ရှိထားနေထိုင်ခွင့်ရှိရန် အခွင့်အရေးများ**

**လူမွဲ၏ဇနီးခင်ပွန်းမှ လက်ရှိထားနေထိုင်ခွင့် အခွင့်အရေး**

၂၂၃။ (က) လူမွဲ၏ လက်ရှိ သို့မဟုတ် ယခင်အိမ်ထောင်ဖက်ကလူမွဲပိုင်ပစ္စည်းတွင် လက်ရှိထားနေထိုင်ခွင့်ပြုရန် တရားရုံးသို့လျှောက်ထားလာလျှင် တရားရုံးသည် အောက်ပါအချက်အလက်များကို ထည့်သွင်းစဉ်းစားလျက် အမိန့်ချမှတ်နိုင်သည်-

(၁) မြီရှင်များ၏အကျိုးစီးပွား၊

(၂) လူမွဲဖြစ်စေသည့် ၎င်း၏လက်ရှိ သို့မဟုတ် ယခင် အိမ်ထောင်ဖက်၏ ပြုမူဆောင်ရွက်ချက်၊

(၃) လူမွဲ၏ လက်ရှိသို့မဟုတ် ယခင်အိမ်ထောင်ဖက်၏ လိုအပ်ချက်များနှင့် ငွေကြေးအခြေအနေ၊

(၄) လူမွဲ၏သားသမီးများအတွက် လိုအပ်ချက်များ၊ နှင့်

(၅) လူမွဲ၏ လိုအပ်ချက်များမှအပ အခြားသောအခြေအနေများ။

(ခ) ဤအပိုင်းအရ လူမွဲပိုင်ပစ္စည်းများအား ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ပထမဆုံး တရားဝင်လွှဲပြောင်း ရောက်ရှိသွားသည့် အချိန်မှစ၍ တစ်နှစ်ကုန်ဆုံးပြီးနောက်မှ ပုဒ်မခွဲ (က) အရ လျှောက်လွှာတင်သွင်းခြင်းဖြစ်လျှင် ထူးခြားသောအခြေအနေ မရှိပါက မြီရှင်များ၏ အကျိုးစီးပွားများသည် အခြားသောအချက်များထက် ဦးစားပေး စဉ်းစားရမည်။

**လူမွဲ၏လက်ရှိထား နေထိုင်ခွင့် အခွင့်အရေး**

၂၂၄။ (က) အောက်ပါအခြေအနေများတွင် ဤပုဒ်မနှင့်သက်ဆိုင်စေရမည်-

(၁) နေအိမ်ဥပစာတွင် အကျိုးသက်ဆိုင်ပြီး လက်ရှိထား နေထိုင်ခွင့်ရှိသူသည် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခံရလျှင်၊ ထို့ပြင်

(၂) လူမွဲခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းချိန်နှင့် လူမွဲဖြစ်မှုစတင်သည့်အချိန်တွင် ထိုအိမ်ဥပစာ၌လူမွဲနှင့်အတူ အသက် ၁၈ နှစ်အောက် ရှိသူတစ်ဦးက နေထိုင်ခဲ့လျှင်။

(ခ) လူမွဲသည် အောက်ပါအခွင့်အရေးများကို ရရှိသည်။ -

(၁) တရားရုံး၏ခွင့်ပြုချက်မှ တစ်ပါး ထိုနေအိမ် ဥပစာ သို့မဟုတ် ယင်း၏ အစိတ်အပိုင်းကို လက်ရှိနေထိုင်နေလျှင် ယင်းဥပစာ သို့မဟုတ် အစိတ်အပိုင်းမှ နှင်ထုတ်ခံရခြင်း သို့မဟုတ် ဖယ်ရှားခံရခြင်းမှ ကင်းလွတ်ခွင့်၊

(၂) လက်ရှိနေထိုင်ခြင်း မရှိလျှင် တရားရုံး၏ ခွင့်ပြုချက်ဖြင့် ထိုနေအိမ် ဥပစာသို့ ဝင်ရောက်ခြင်းနှင့် လက်ရှိထား နေထိုင်ပိုင်ခွင့်ရှိခြင်း။

(ဂ) တရားရုံးသည် လူမွဲ၏လိုအပ်ချက်မှအပ မြီရှင်များ၏အကျိုးစီးပွား၊ လူမွဲ၏ သားသမီးများအတွက် လိုအပ်ချက်များနှင့် ငွေကြေးအခြေအနေအပြင် အခြားသော အခြေအနေများကို ထည့်သွင်းစဉ်းစား၍ သင့်သည်ထင်သည့် အမိန့်ချမှတ်နိုင်သည်။

(ဃ) ဤအပိုင်းအရ လူမွဲပိုင်ပစ္စည်းများအား ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ပထမဆုံး တရားဝင် လွှဲပြောင်းရောက်ရှိသွားသည့် အချိန်မှစ၍ တစ်နှစ်ကုန်ဆုံးပြီးနောက်မှ ပုဒ်မခွဲ (က) အရ လျှောက်လွှာတင်သွင်းခြင်းဖြစ်လျှင် ထူးခြားသောအခြေအနေ မရှိပါက မြီရှင်များ၏ အကျိုးစီးပွားများသည် အခြားသောအချက်များထက် ဦးစားပေး စဉ်းစားရမည်။

**ယခင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းကိစ္စများကို ပြန်လည်ချိန်ညှိခြင်း**

**ငွေစာရင်းအရကြွေးမြီများကို အရပ်ရပ်လွှဲပြောင်းပေးအပ်ခြင်းအား ပျက်ပြယ်စေခြင်း**

၂၂၅။ (က) စီးပွားရေးလုပ်ငန်း လုပ်ဆောင်နေသူတစ်ဦးသည် အခြားတစ်စုံတစ်ဦးအား လက်ရှိကာလတွင်ဖြစ်စေ၊ အနာဂတ်ကာလတွင်ဖြစ်စေ ငွေစာရင်းအရ ကြွေးမြီများ သို့မဟုတ် ယင်းကြွေးမြီများအနက်မှ ကြွေးမြီအမျိုးအစားတစ်ရပ်ရပ်ကို ပေးဆပ်ပြီးနောက်တွင် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းခံရလျှင် အောက်ပါတို့သည် သက်ဆိုင်စေရမည်။

(ခ) လူမွဲခံယူခြင်းဆိုင်ရာ လျှောက်လွှာတင်သွင်းခြင်း မပြုမီ ပေးချေခြင်း မပြုရသေးသည့် ငွေစာရင်းအရ ကြွေးမြီများသည် ပျက်ပြယ်စေရမည်။

(ဂ) ပုဒ်မခွဲ(က)နှင့်(ခ) ပါ ပြဋ္ဌာန်းချက်များအလို့ငှာ-

(၁) ငွေစာရင်းအရ ကြွေးမြီနှင့် စပ်လျဉ်း၍ လွှဲပြောင်းပေးအပ်ခြင်းဆိုရာတွင် အာမခံထားရှိခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိစေခြင်းဖြင့် လွှဲပြောင်းပေးအပ်ခြင်းလည်း ပါဝင်သည်။

(၂) **အရပ်ရပ်လွှဲပြောင်းပေးအပ်ခြင်း**တွင် အောက်ပါတို့ ပါဝင်ခြင်း မရှိစေရ-

(ကက) သက်ဆိုင်သည့် မြီစားထံမှ အချိန်စေ့ရောက်သည့် ကြွေးမြီကို လွှဲပြောင်းပေးအပ်ခြင်း သို့မဟုတ် သီးခြား ပဋိညာဉ်အရ ပေးဆပ်ရန် အချိန်စေ့ရောက်သော ကြွေးမြီများကို လွှဲပြောင်းပေးအပ်ခြင်း၊ သို့မဟုတ်

(ခခ) သဘောရိုးဖြင့် တန်ရာတန်ကြေးဖြင့် စီးပွားရေး လုပ်ငန်းကို လွှဲပြောင်းပေးအပ်ရာတွင်ဖြစ်စေ၊ မြီရှင်များ၏ အကျိုးစီးပွားအလို့ငှာ ပစ္စည်းများကို လွှဲပြောင်းပေးရာတွင်ဖြစ်စေ ငွေစာရင်းအရ ကြွေးမြီများကို လွှဲပြောင်းပေးအပ်ခြင်း။

**လူမွဲပါဝင်ချုပ်ဆိုထားသောပဋိညာဉ်များ**

၂၂၆။ (က) တစ်ဦးတစ်ယောက်သည် ပဋိညာဉ်တစ်ရပ်၌ စာချုပ်ဝင်အဖြစ် ပါဝင်ချုပ်ဆိုပြီး နောက်မကြာမီ လူမွဲအဖြစ် စီရင်ဆုံးဖြတ်ခြင်းခံရလျှင် အောက်ပါတို့သည် သက်ဆိုင်စေရမည်။

(ခ) ပဋိညာဉ်တွင်ပါဝင်သည့် အခြားတစ်ဦးက လျှောက်ထားသည့်အခါ တရားရုံးသည် လျှောက်ထားသူမှ သို့မဟုတ် လူမွဲမှ ပဋိညာဉ်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာသည့် နစ်နာကြေးကို စည်းကမ်းချက်သတ်မှတ်၍ ကင်းလွတ်ခွင့်ပြုသော အမိန့်ဖြစ်စေ၊ အခြားတရားမျှတသည်ထင်သည့် အမိန့်ဖြစ်စေ ချမှတ်နိုင်သည်။

(ဂ) ဤပုဒ်မအရ တရားရုံးက ချမှတ်သောအမိန့်တစ်ရပ်ကြောင့် လူမွဲက ပေးချေရန်ရှိသည့် နစ်နာကြေးတစ်ရပ်ရပ်ကို လူမွဲပိုင်ပစ္စည်းအပေါ်တွင် ရရန်ရှိသော ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်တစ်ရပ်အဖြစ် သက်သေ တင်ပြနိုင်ခွင့်ရှိသည်။

(ဃ) လူမွဲဖြစ်မှုမှ ရပ်စဲခြင်း မရှိသေးသော လူမွဲသည် အခြားသူတစ်ဦးနှင့် ပူးတွဲ၍ ပဋိညာဉ်တစ်ရပ်ရပ်ကို ချုပ်ဆိုခဲ့လျှင် ထိုသူသည် ယင်းပဋိညာဉ်နှင့် စပ်လျဉ်း၍ လူမွဲပါဝင်ခြင်းမရှိဘဲ တရားစွဲဆိုခွင့် သို့မဟုတ် တရားစွဲဆို ခံပိုင်ခွင့်ရှိသည်။

**အတည်ပြုသည့်လုပ်ထုံးလုပ်နည်းများ**

၂၂၇။ (က) လူမွဲဖြစ်မှုမစတင်မီ အချိန်၌ မြီရှင်တစ်ဦးက -

(၁) လူမွဲပိုင် မြေကွက် သို့မဟုတ် ကုန်စည်များအပေါ် ဒီကရီအတည်ပြု ဆောင်ရွက်ခဲ့သည့်ကိစ္စ၊ သို့မဟုတ်

(၂) အခြားတစ်စုံတစ်ဦးထံမှ လူမွဲက ရရန်ရှိသော ကြွေးမြီတစ်ရပ်ကို ဝရမ်းစွဲကပ်စေခဲ့သည့် ကိစ္စတွင်-

ဒီကရီအတည်ပြုခြင်း သို့မဟုတ် ဝရမ်းကပ်ခြင်းကို ပြီးပြတ်အောင် ဆောင်ရွက်ခြင်း သို့မဟုတ် ငွေကြေးအပြည့်အဝပေးချေခြင်း မရှိသေးသည့်ကိစ္စတွင် မြီရှင်သည် ဒီကရီအတည်ပြုခြင်း သို့မဟုတ် ဝရမ်းကပ်ခြင်းမှ ရရှိခဲ့သော အကျိုးခံစားခွင့်များ သို့မဟုတ် ဒီကရီအတည်ပြုခြင်းကိုဖြစ်စေ၊ ဝရမ်းကပ်ခြင်းကိုဖြစ်စေ ရှောင်ရှားရန်အတွက် ပေးအပ်ခဲ့သော ငွေကြေးများနှင့် စပ်လျဉ်း၍ တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူကို ဆန့်ကျင်ကာ ရယူခွင့် မရှိစေရ။

(ခ) တစ်စုံတစ်ဦး၏ ကုန်စည်အပေါ် ဒီကရီအတည်ပြုဆောင်ရွက်နေစဉ် ပြီးပြတ်ခြင်းမရှိသေးမီ ထိုသူသည် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းခံရကြောင်း ဒီကရီအတည်ပြုသူ အရာရှိထံသို့ အကြောင်းကြားစာပေးပို့ပြီးသည့်အခါ-

(၁) ထိုအရာရှိသည် ဒီကရီအတည်ပြုလုပ်စဉ်က သိမ်းဆည်းခဲ့သော သို့မဟုတ် ပြန်လည်ရယူထားခဲ့သော ကုန်စည်များ သို့မဟုတ် ငွေကြေးများကို တရားဝင် ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူသို့ ပြန်လည်ပေးအပ်ရမည်၊ သို့ရာတွင်

(၂) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူသည် ထိုကုန်စည်အား ရောင်းချ၍ ရငွေ သို့မဟုတ် ရယူသိမ်းဆည်းခဲ့သည့် ငွေများအနက်မှ ဒီကရီအတည်ပြုလုပ်စဉ်က ကုန်ကျခဲ့သည့် စရိတ်များအတွက် ဦးစားပေး ပေးချေရမည်။

(ဂ) အကယ်၍

(၁) ဒီကရီအတည်ပြုလုပ်ရာတွင် တစ်စုံတစ်ဦး၏ ကုန်စည်အား ရောင်းချခြင်း သို့မဟုတ် ထိုသို့ရောင်းချခြင်း မပြုရန်အတွက် ငွေပေးချေပြီးနောက်၊

(၂) ထိုသို့ ရောင်းချခြင်း သို့မဟုတ် ငွေပေးချေခြင်း ပြုသည့်နေ့မှစ၍ ၁၄ ရက်အတွင်း လူမွဲအဖြစ်ခံယူစေသည့် လျှောက်လွှာ တင်သွင်းခဲ့ကြောင်း အကြောင်းကြားစာကို ဒီကရီအတည်ပြုသူ အရာရှိထံသို့ ပေးပို့ခဲ့ပြီးဖြစ်သည့်အပြင်၊

(၃) ယင်းလျှောက်လွှာအရ ထိုသူအပေါ် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခဲ့ပါက-

ဒီကရီအတည်ပြုစဉ်က ကုန်ကျစရိတ်များကို နုတ်ယူပြီးနောက် ကျန်ရှိသော ကုန်စည်ရောင်းရငွေ သို့မဟုတ် ပေးချေခဲ့သော ငွေကြေးသည် လူမွဲပိုင်ပစ္စည်းတွင် ပါဝင်စေရမည်ဖြစ်ပြီး ထိုငွေကြေးများထဲမှ ဒီကရီအတည်ပြုလုပ်သူမြီရှင်၏ ကြွေးမြီအား ဦးစားပေး ပေးချေရမည်။

(ဃ) ပုဒ်မခွဲ (ဂ) ပါ ဖော်ပြထားသော ငွေပမာဏသည် ဒီကရီအတည်ပြုရာမှ ရရှိသည့် ငွေပမာဏထက် ကျော်လွန်လျှင် ဒီကရီအတည်ပြုသူ အရာရှိသည် အောက်ပါတို့ကို လိုက်နာရမည်-

(၁) ပုဒ်မခွဲ (ဂ)အရ အကြောင်းကြားစာပေးပို့ထားသော လူမွဲခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာအား စစ်ဆေးနေစဉ်အတွင်း သို့မဟုတ် ထိုသတ်မှတ်ထားသည့် ၁၄ ရက် ကာလအတွင်း မည်သည့်အချိန်တွင်မဆို ထိုပုဒ်မခွဲတွင် ဖော်ပြထားသော ကျန်ငွေကို စီမံခန့်ခွဲခြင်း မပြုရ။

(၂) ထိုကျန်ငွေသည် လူမွဲ၏ပစ္စည်းတွင် ပါဝင်ခဲ့လျှင် ထိုကျန်ငွေအား တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်း ခံရသူသို့ ပေးအပ်ရမည်။

(င) ဒီကရီအတည်ပြုခြင်း သို့မဟုတ် ဝရမ်းကပ်ခြင်းပြုသူ မြီရှင်၏ အကျိုးစီးပွားအလို့ငှာ ပုဒ်မခွဲ (က) မှ (ဂ) အရ တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူသို့ အပ်နှင်းထားသော အခွင့်အရေးများကို တရားရုံးသည် စည်းကမ်းချက်များ သတ်မှတ်၍ သင့်သည်ဟု ထင်မြင်သော အတိုင်းအတာနှင့်အညီ ပယ်ဖျက်နိုင်သည်။

(စ) ကုန်စည်တစ်ရပ်အား ဒီကရီအတည်ပြုသူအရာရှိထံမှ သဘောရိုးဖြင့် ဝယ်ယူ လက်ရောက်ရယူပြီးဖြစ်ပါက တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူမှ အဆိုပါပစ္စည်းကို ပြန်လည်သိမ်းယူရန် ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ အခွင့်အာဏာပေးသည်ဟု မှတ်ယူခြင်း မပြုရ။

(ဆ) လူမွဲဖြစ်မှုစတင်ပြီးနောက် လူမွဲက လက်ဝယ်ရရှိလာသော သို့မဟုတ် ဆက်ခံရရှိလာသော ပစ္စည်းပေါ်တွင် ဒီကရီအတည်ပြုရာ၌ ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ခြင်း မရှိစေရ။ သို့ရာတွင် ဒီကရီအတည်ပြုခြင်း စတင်ပြီးနောက် ပြီးဆုံးခြင်း မရှိသေးမီ အောက်ပါအခြေအနေများနှင့် အကျုံးဝင်လျှင် ထိုပုဒ်မခွဲများသည် သက်ဆိုင်စေရမည်-

(၁) ထိုပစ္စည်းသည်ပုဒ်မ ၂၈၆ အရ လူမွဲပိုင်ပစ္စည်း အဖြစ်တောင်းဆိုပြီးဖြစ်လျှင်၊ ထို့ပြင်

(၂) ပုဒ်မ ၂၈၆ အရ အကြောင်းကြားစာမိတ္တူတစ်ရပ်ကို ဒီကရီအတည်ပြုသူ အရာရှိထံသို့ ပေးပို့ခဲ့ပြီးဖြစ်လျှင်။

**ငှားရမ်းခအတွက် တောင်းဆိုခွင့်**

၂၂၈။ လူမွဲထံမှ ရရန်ရှိသော ငှားရမ်းခအတွက် အိမ်ရှင် သို့မဟုတ် အိမ်လခထိုက်ခွင့်ရှိသော အခြားတစ်စုံတစ်ဦးက လူမွဲပိုင်ပစ္စည်းများအပေါ်တွင် ကြွေးမြီတစ်ရပ်ကဲ့သို့ သက်သေတင်ပြ တောင်းဆိုနိုင်သည်။ သို့ရာတွင် လူမွဲဖြစ်မှု စတင်ခြင်းမပြုမီ အချိန်ကာလ ၆ လစာအတွက်သာ တောင်းဆိုခွင့် ရှိစေရမည်။

**အလုပ်သင်များ**

၂၂၉။ (က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များ အောက်ပါကိစ္စများအလို့ငှာ သက်ဆိုင်စေရမည်။

(၁) လူမွဲခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာ တင်သွင်းထားချိန်၌ တစ်စုံတစ်ဦးသည် လူမွဲဖြစ်လာမည့်သူထံတွင် အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်နေစဉ်အတွင်း ထိုသူအပေါ် လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ် ချမှတ်သည့်အခါ၊ ထို့ပြင်

(၂) လူမွဲ သို့မဟုတ် အလုပ်သင်က ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ အလုပ်သင်အဖြစ်မှ ရပ်စဲကြောင်း အကြောင်းကြားစာ ပေးပို့သည့်အခါ။

(ခ) အလုပ်သင် ခန့်အပ်မှုဆိုင်ရာ သဘောတူညီချက်သည် လူမွဲဖြစ်မှု စတင်ချိန်မှစ၍ ရပ်စဲရမည်။

**စာအုပ်စာတမ်းများ ရယူသိမ်းဆည်းခွင့် မရှိစေခြင်း**

၂၃၀။ (က) လူမွဲထံမှ စာအုပ်စာတမ်းများ သို့မဟုတ် အခြားသောမှတ်တမ်းများအား ဒီကရီအတည်ပြုသူ အရာရှိမှ အတည်ပြုဆောင်ရွက်လျှင် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူမှ လက်ဝယ်ထားထိန်းသိမ်းခွင့်ကို ငြင်းပယ်ရာ ရောက်စေမည်ဆိုပါက ယင်းကဲ့သို့ အတည်ပြုဆောင်ရွက်ခြင်း မရှိစေရ။

*(ဆက်လက်ဖော်ပြပါမည်)*

# ဘူးသီးတောင်မြို့၌ ငါးများထည့်ထားသည့် ပုံးများအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀၀ ဖမ်းဆီးရမိ



**နေပြည်တော် နိုဝင်ဘာ ၁**
နယ်မြေခံ ပူးပေါင်းအဖွဲ့မှ သတင်းအရ ဘူးသီးတောင်မြို့နယ် မီးရထားဆိပ်ရပ်ကွက် သင်္ဘောဆိပ်၌ စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ ကုန်များတင်ဆောင်ရောက်ရှိလာသည့် အောင်ကျော်မိုးသင်္ဘောအား နိုဝင်ဘာ ၁ရက် နံနက် ၁၀ နာရီခန့်က ရှာဖွေရာ သင်္ဘောကုန်းပတ်ပေါ်ရှိ ငါးများထည့်ထားသည့် ရေခဲပုံး လေးပုံးအတွင်း လျှို့ဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၉၅၀၀၀၀၀၀၀ )အား သိမ်းဆည်းရမိခဲ့သဖြင့် ဘူးသီးတောင်မြို့မရဲစခန်းက မူးယစ်(ပ)၁၉/၂၀၁၈၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ-၁၉(က)/၂၁ ဖြင့် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဘူးသီးတောင်မြို့နယ်၌ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂-၁၁-၂၀၁၈(သောကြာနေ့)

**နံနက်ပိုင်း**
၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - မျက်မှောက်ရေးရာ အဖြာဖြာ
၉း၄၅ - "Soccer View"
**ညပိုင်း**
၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း “နှလုံးသားရေးရာအာဟာရ အကြောင်း သိကောင်းစရာ”
၁၈း၂၀ - BBC Click
၁၈း၃၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် “တစ်ခုလပ်”+“မော်ဝင် သမန်းကျား”
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ “ဆေးရုံမှတ်တမ်း” (အပိုင်း-၁၇)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - “မြန်မာ့သစ်တောနှင့် REDD+”
- “သူငယ်ချင်းသုံးယောက် ရှိလေသည်”

# တာချီလိတ်၌ မြန်မာနိုင်ငံသားတစ်ဦးနှင့် ထိုင်းနိုင်ငံသား လေးဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**တာချီလိတ် နိုဝင်ဘာ ၁**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဝမ်ကျောက်လုံးကျေးရွာ၌ မူးယစ်ဆေးဝါး ရောင်းချသူ၊ သုံးစွဲသူ မြန်မာနိုင်ငံသား တစ်ဦးနှင့် ထိုင်းနိုင်ငံသား လေးဦးတို့ကို အောက်တိုဘာ ၃၁ ရက်က ဖမ်းဆီးရမိကြောင်း မူးယစ်တပ်ဖွဲ့မှ သိရသည်။

အောက်တိုဘာ ၃၁ ရက် နံနက် ၁၁ နာရီခွဲတွင် တာချီလိတ်မြို့မရဲစခန်းမှ ရဲအုပ် ကိုကိုဦး ဦးစီးအဖွဲ့၊ မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ တာဝန်ရှိသူများနှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် တာချီလိတ်မြို့ ဝမ်ကျောက်လုံးကျေးရွာနေ စိုင်းသန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိုင်းသန်းနှင့် ထိုင်းနိုင်ငံသား လေးဦးတို့အား တွေ့ရပြီး ဆက်လက်ရှာဖွေရာ မီးဖိုခန်းရှေ့ရပ်ထားသော ဆိုင်ကယ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၇၅ ပြား၊ အလေးချိန် ၇ ဒသမ ၅ ဂရမ်ခန့်၊ မူးယစ်ဆေးဝါးအသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အမှုမှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ လက်ဝယ်တွေ့ရှိသူ စိုင်းသန်း (၃၅ နှစ်)နှင့် ထိုင်းနိုင်ငံသား လေးဦးတို့ကို **(အောက်ပုံ)** တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# မြိတ်မြို့ကန်ကြီးနယ်မြေ၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**မြိတ် နိုဝင်ဘာ ၁**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ကြီးနယ်မြေ မြန်အောင်ရပ်ကွက် (၃)လမ်းရှိ နေအိမ်တစ်အိမ်အတွင်းမှ အောက်တိုဘာ ၃၁ ရက် ညနေ ၆ နာရီခန့်က စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၄ ပြား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မြိတ်မြို့မရဲစခန်း နယ်ထိန်းအဖွဲ့မှ ဒုရဲအုပ် ထွန်းထွန်းနိုင် ဦးစီးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၃၁ ရက် ညနေ ၆ နာရီခန့်က မြိတ်မြို့ကန်ကြီးနယ်မြေ မြန်အောင် ရပ်ကွက် (၃)လမ်းနေ ဦးခဲ(ခ)ခင်မောင်ဆွေ၏ နေအိမ်တွင် မူးယစ်ဆေးဝါး သတင်းအရ ဝင်ရောက်ရှာဖွေရာ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၄ ပြား နှင့်အတူ ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါး ရောင်းချငွေကျပ် ၁၉၁၀၀၀၀ ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဦးခဲ(ခ)ခင်မောင်ဆွေအား မြိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# အင်္ဂပူမြို့နယ် ထန်းတောစုကျေးရွာအနီး လယ်ကွင်းအတွင်း တောဆင်ရိုင်းများဝင်ရောက်

**အင်္ဂပူ နိုဝင်ဘာ ၁**
ဟသ်ာတခရိုင် အင်္ဂပူမြို့နယ်၌ အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက တောဆင်ရိုင်းသုံးကောင် လယ်ကွင်းအတွင်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ တောဆင်ရိုင်းသုံးကောင်သည် ကြခတ်ကွင်းကျေးရွာအုပ်စုဘက်မှ ဖြတ်ဝင်လာကြောင်း သတင်းအရ အင်္ဂပူမြို့မရဲစခန်းမှ ရဲအုပ်သန့်ဇင်ဦး ဦးဆောင်သောအဖွဲ့က လိုက်လံစုံစမ်းရှာဖွေရာ ညနေ ၆ နာရီခွဲတွင် အင်္ဂပူမြို့အမှတ်(၁) ရပ်ကွက် အောင်ချမ်းသာကျေးရွာနှင့် မေတ္တာကုန်းကျေးရွာအုပ်စု ထန်းတောစုကျေးရွာကြားရှိ ထန်းတောစုကွင်းအမှတ် ၇၆၈ လယ်ကွင်းအတွင်း ရောက်ရှိနေကြောင်း သိရသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးမင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးဇော်မင်းထွန်းနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက တောဆင်ရိုင်းများ အန္တရာယ်မရှိစေရေး၊ ပြည်သူများအား အန္တရာယ်မပြုစေရေးနှင့် စိုက်ခင်းများအား ဖျက်ဆီးမှုမရှိစေရေးတို့အတွက် စောင့်ကြည့်လျက်ရှိသည်။



ယင်းဆင်ရိုင်းများသည် လယ်ကွင်းအတွင်းမှ ထွက်ခွာမှုမရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများက စောင့်ကြည့်လျက်ရှိကြောင်းနှင့် ပြည်သူများ ထိတ်လန့်မှု မဖြစ်စေရေးအတွက် ဆင်ဝင်ရောက်မှု အခြေအနေများကို သိရှိနိုင်ရေး မြို့နယ်မီးသတ်ဦးစီးဌာနက အသံချဲ့စက်ဖြင့် လှည့်လည် အသိပေးလျက်ရှိကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# ကသာမြို့၌ ရဲတပ်ဖွဲ့ဝင်တစ်ဦးထံမှ မူးယစ်ဆေးဝါးများ ဖမ်းမိ

**ကသာ နိုဝင်ဘာ ၁**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးထံမှ မူးယစ်ဆေးဝါးများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၁ ရက် ညနေ ၆ နာရီခွဲက ကသာမြို့နယ်ရဲတပ်မှူး ရဲမှူးမြင့်အောင်နှင့် တပ်ဖွဲ့ဝင်များသည် ကသာမြို့အမှတ် ၁ ရပ်ကွက် စစ်ဝင်းဆိပ်လမ်းဆုံတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ကသာမြို့မရဲစခန်းမှ ရဲတပ်သား နိုင်ဝင်းစိန် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ၎င်းထံမှ ဘိန်းဖြူ ၀ ဒသမ ၂ ဂရမ်ကို ရှာဖွေစစ်ဆေးတွေ့ရှိခဲ့သည်။

၎င်းအား စစ်မေးရာ အဆိုပါ မူးယစ်ဆေးဝါးများကို ကသာမြို့နယ် သာစည်ကျေးရွာနေ ကျော်မျိုးထက် ဆိုသူထံမှ ယူဆောင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ကသာမြို့မရဲစခန်းမှ ကျော်မျိုးထက်အား ဖမ်းဆီးနိုင်ရေး ဆောင်ရွက်နေပြီး နိုင်ဝင်းစိန်အား ဖမ်းဆီးအရေးယူထားကြောင်း နယ်ထိန်း ဒုရဲအုပ်ဇော်မင်းထွန်းထံမှ သိရသည်။ **လူအောင်(ကသာ)**

◆ *ကျောခုံးမှ*

အသီးသီးရရှိခဲ့ပြီး နည်းပြဆရာ တပ်ကြပ်ကြီး သူရဟန် ဦးဆောင်သော မြန်မာကနူးအဖွဲ့သည် အမျိုးသားကစားသမားမျိုးလှိုင်ဝင်းနှင့် အမျိုးသမီးကစားသမား ခိုင်ခိုင်ထွန်းထွေးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ မျိုးလှိုင်ဝင်းက ဆုရခဲ့ခြင်းဖြစ်သည်။

အဆိုပါ မြန်မာကနူးလှေလှော်အားကစားအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေသိမ်း၊ အတွင်းရေးမှူးနှင့်အမှုဆောင်များ၊ အားကစားသမားများနှင့် မိဘဆွေမျိုးများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ဖားကန့်နှင့် နမ့်စန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၁**
မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက ဖားကန့်မြို့နယ် နန့်တိန်းကျေးရွာစစ်ဆေးရေးဂိတ်တွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ လေးမောင်၏လက်ဆွဲအိတ်အတွင်းမှ ဘိန်းစိမ်း ၄ ဒသမ ၈ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ အောက်တိုဘာ ၃၀ ရက် ညပိုင်းတွင် တပ်မတော်က နမ့်စန်မြို့နယ် ခိုလမ်မြို့ရှိ နယ်မြေခံတပ်ရင်း ဂိတ်(၁)ရှေ့တွင် မူးယစ်ဆေးဝါးသတင်းအရ ရှာဖွေရေးပြုလုပ်နေစဉ် စိုင်းစံမြင့် မောင်းနှင်လာသည့် ဟွန်ဒါဖစ်မော်တော်ယာဉ်ရောက်ရှိ၍ ရှာဖွေရာ အိုက်စ် ၈၀ ကီလို၊ လက်ဖက်ခြောက်အိတ်ခွံ ၁၆၇ အိတ်၊ ပလတ်စတစ်အကြည်ရောင် အိတ်ခွံ ၁၆၄ အိတ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# အင်းစိန် မီးရထားခုံးကျော်တံတားပေါ်၌ YBS-16 ယာဉ်တစ်စီး မီးလောင်မှုဖြစ်

**ရန်ကုန် နိုဝင်ဘာ ၁**
ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်မီးရထားခုံးကျော်တံတားပေါ်သို့ လှိုင်သာယာဘက်မှ ဖြတ်သန်းမောင်းနှင်လာသော YBS-16 ခရီးသည်တင်ယာဉ်သည် ယနေ့ နံနက် ၆ နာရီ ၃၅ မိနစ်ခန့်က အင်းစိန် ဗဟိုလမ်းဘက်အဆင်း ပန်းခြံမှတ်တိုင်မရောက်မီ ခုံးတံတားပေါ်၌ပင် မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ အင်းစိန်နယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်သုံးစီးနှင့် သန္နွေမီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ငြိမ်းသတ်ခဲ့ကြရာ နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ကျော်စည်သူအောင် (၃၃ နှစ်) မောင်းနှင်လာသော YBS-16 ယာဉ်အမှတ် 7N/----- ယာဉ်သည် စက်ခန်းအတွင်း အင်ဂျင်ဝိုင်ယာရှော့ဖြစ်၍ မီးလောင်ခဲ့ခြင်းဖြစ်ကာ ယာဉ်ပေါ်ပါခရီးသည်များ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း အဆိုပါမီးသတ်တပ်ဖွဲ့စခန်းမှ သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မရမ်းချောင်စစ်ဆေးရေးအဖွဲ့ လိုင်စင်မဲ့ယာဉ်တစ်စီး စစ်ဆေးတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၃၁ ရက်တွင် မန္တလေး- မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁၉ စီး၊ သွင်းကုန် ၃၁၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆ စီး၊ သွင်းကုန် ၁၄၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၆ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၉၂၅ သန်း ခန့် စုစုပေါင်းတားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃ ဒသမ ၅၂၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၃၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် မရမ်းချောင်းကျေးရွာ မိုးလုံးဟိန်းဆီဆိုင်အနောက်ဘက်တွင် ရပ်တန့်ထားသော တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ နီဆန်းအမျိုးအစား ဘီလပ်မြေဖျော်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၃၀ ခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အင်ဒိုနီးရှား ပျက်ကျလေယာဉ်မှ သေတ္တာနက်တစ်ခု ရှာဖွေတွေ့ရှိ

**ဂျကာတာ နိုဝင်ဘာ ၁**

ပြီးခဲ့သည့်ရက်ပိုင်းက ပျက်ကျခဲ့သည့် လိုင်းယင်းအဲလေယာဉ်မှ သေတ္တာနက် (Black Box) တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အင်ဒိုနီးရှားသယ်ယူပို့ဆောင်ရေး လုံခြုံစိတ်ချရမှုကော်မတီက ကြာသပတေးနေ့တွင်ပြောသည်။

အဆိုပါကိရိယာသည် အသစ်စက်စက်လေယာဉ် ဘာကြောင့် ပျက်ကျရသည်ကို အဖြေရှာပေးနိုင်မည့်အရေးပါသည့် အစိတ်အပိုင်းတစ်ခုလည်းဖြစ်ပြီး လေယာဉ်ပျံသန်းရာလမ်းကြောင်း၊ အမြန်နှုန်း၊ လေယာဉ်ဝန်ထမ်းများ၏ ပြောစကားများအပါအဝင် ကြောက်မက်ဖွယ် မတော်တဆမှုဖြစ်ပွားရသည့်အကြောင်းကို ဖော်ထုတ်နိုင်မည့် အဓိကသဲလွန်စများကို ရှာပေးနိုင်မည်ဖြစ်သည်။

"ကျွန်တော်တို့ သေတ္တာနက် တစ်ခုရှာဖွေတွေ့ရှိထားပါတယ်။ အဲဒီ သေတ္တာနက်ဟာ လေယာဉ်ပျံသန်းရာ အချက်အလက်တွေကို မှတ်တမ်းတင်ထားတဲ့ သေတ္တာနက်လား ဒါမှမဟုတ် လေယာဉ်မှူးအခန်းမှ စကားပြောအသံမှတ်တမ်းလားဆိုတာ ကိုတော့ မသိရသေးပါဘူး"ဟု ဆိုရာဂျန်တို တာဂျ်ဂျီနိုက အေအက်ဖ်ပီသို့ပြောသည်။

ဘိုရင်း 737MAX-8 သည် မကြာသေးမီလအနည်းငယ်ကမှ စတင်ပြေးဆွဲသည့် လေယာဉ်ဖြစ်ပြီး တနင်္လာနေ့က ဂျာဗားပင်လယ်ပြင်အတွင်း ထိုးဆင်းသွားသည်။ လေယာဉ်ပေါ်တွင်ခရီးသည် ၁၈၉ ဦး လိုက်ပါသွားကာ ပျံသန်းပြီး ၁၂ မိနစ်အကြာတွင် ယင်းသို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ "အင်ဂျင်နှင့် လေယာဉ်အစိတ်အပိုင်းတွေရဲ့ အချက်အလက်တွေကို သေတ္တာနက်ထဲမှာ မှတ်တမ်းတင်ထားတယ်။ ဘာကြောင့် ပျက်ကျရတာလဲ၊နည်းပညာပိုင်းပြဿနာကြောင့်လားဆိုတာကိုလည်း မှတ်တမ်းတင်ထားတယ်"ဟု လေကြောင်းသုတေသီတစ်ဦးဖြစ်သူ ဒူဒီဆက်ဒစ်ယိုက ပြောသည်။

**အေအက်ဖ်ပီ**



အမေရိကန်အမျိုးသား သယ်ယူပို့ဆောင်ရေး လုံခြုံစိတ်ချရမှုအဖွဲ့မှ ပျက်ကျလေယာဉ်အပျက်အစီးများကို စစ်ဆေးနေစဉ်။

# ဆော်ဒီ-ယီမင် တိုက်ပွဲများကိုရပ်ဆိုင်းရန် အမေရိကန်တောင်းဆို

**အေဒင် နိုဝင်ဘာ ၁**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းမက်တစ်တို့သည် ယီမင်၌ဖြစ်ပွားနေကြသော တိုက်ပွဲများရပ်ဆိုင်းရန် ဆော်ဒီဦးဆောင်သော မဟာမိတ်တပ်များကို တောင်းဆိုခဲ့သည်။

ဆော်ဒီက ကျောထောက်နောက်ခံပြုထားသော ယီမင်အစိုးရအဖွဲ့ သမ္မတမန်ဆောဟာဒီ၏ တပ်ဖွဲ့များနှင့် အီရန်က ကျောထောက်နောက်ခံပြုထားသော ဟူသီသူပုန်တို့သည် သုံးနှစ်ခွဲကြာအောင်တိုက်ပွဲများဖြစ်ပွားခဲ့ကြသည်။ ယင်းတိုက်ပွဲများကြောင့် ပြည်သူ ရှစ်သန်းခန့်မှာ ငတ်မွတ်ခေါင်းပါးမှုဘေးနှင့် ရင်ဆိုင်နေရသည်။

ယခုအချိန်သည် တိုက်ပွဲများရပ်နားရတော့မည့်အချိန်ဖြစ်ကြောင်း အင်္ဂါနေ့တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက သတင်းထုတ်ပြန်ခဲ့သည်။ ထို့အပြင် ဟူသီသူပုန်များအနေဖြင့်လည်း ဆော်ဒီအာရေဗျဘက်သို့ ဒုံးကျည်များ ပစ်ခတ်ခြင်းကိုရပ်တန့်ရန်၊ အလားတူပင် ဆော်ဒီနှင့် မဟာမိတ်များကလည်း ယီမင်နယ်မြေများတွင် လေကြောင်းတိုက်ခိုက်မှုကိုရပ်နားထားရန် တိုက်တွန်းခဲ့သည်။

လာမည့်ရက်ပေါင်း၃၀အတွင်း ပဋိပက္ခဖြစ်နေသည့် နှစ်ဖက်စလုံးကို ငြိမ်းချမ်းရေးစားပွဲဝိုင်းအတွင်း မြင်လိုသည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းမက်တစ်ကပြောသည်။ ဆော်ဒီအာရေဗျ၌ ဂျာနယ်လစ်အသတ်ခံရမှုနှင့် ပတ်သက်၍ ဖိအားများမြင့်တက်နေချိန် ယခုလို အမေရိကန်အဆင့်မြင့်အရာရှိကြီးနှစ်ဦးထံမှ မှတ်ချက်စကားသံများ ထွက်ပေါ်လာခြင်းဖြစ်သည်။ သို့သော် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရောဘတ်ပါလာဒီနိုက ယီမင်စစ်ပွဲများ ရပ်တန့်စေရန် ဆော်ဒီကိုတောင်းဆိုခြင်းနှင့် ဆော်ဒီဂျာနယ်လစ်အသတ်ခံရမှုအတွက် ဖိအားပေးခြင်းတို့မှာ ဆက်စပ်မှုမရှိကြောင်း ဗုဒ္ဓဟူးနေ့က ငြင်းဆိုခဲ့သည်။

သို့သော် ဆော်ဒီအရေး အမေရိကန်အစိုးရ၏ ကိုင်တွယ်မှုမှာ အားပျော့သည်ဟု အမေရိကန်လွှတ်တော်က ပြင်းပြင်းထန်ထန် ဝေဖန်ထားရာ လာမည့်ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီ အပြောင်းအလဲဖြစ်စေရန် လုပ်ဆောင်မှုဟုလည်း ဝေဖန်သူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေးမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျဟု သမ္မတ မွန်ပြော

**ဆိုးလ် နိုဝင်ဘာ ၁**

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းသည် ကိုရီးယားကျွန်းဆွယ်တွင် ထာဝရငြိမ်းချမ်းရေး တည်ဆောက်လိုကြောင်းနှင့် ထာဝရငြိမ်းချမ်းရေးရရှိမှသာ တိုင်းပြည်စီးပွားရေးအတွက် အဓိကမောင်းနှင်အားရရှိလိမ့်မည်ဟု ပြောကြားခဲ့သည်။

ကြာသပတေးနေ့က ပြုလုပ်သော အမျိုးသားညီလာခံတွင် တောင်ကိုရီးယားသမ္မတက မိနစ်သုံးဆယ်ကြာမိန့်ခွန်းပြောကြားခဲ့ပြီး အမတ်များကို ကိုရီးယားကျွန်းဆွယ် ထာဝရငြိမ်းချမ်းရေး ရရှိစေရေး ပူပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။ သမ္မတ မွန်ဂျယ်အင်းက ကိုရီးယားနှစ်နိုင်ငံနှင့်အမေရိကန်တို့သည် နျူကလီးယားလက်နက်လုံးဝကင်းစင်ရေးကို ဆောင်ရွက်နိုင်တော့မည်ဖြစ်ပြီး ရတောင့်ရခဲ အခွင့်အရေးတစ်ခု ရရှိခဲ့ခြင်းဖြစ်ကြောင်း ယင်းအခွင့်အရေးကို လက်လွှတ်မခံသင့်ကြောင်း ပြောကြားခဲ့သည်။ မြောက်ကိုရီးယားနှင့်လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည်ဟုလည်း သမ္မတ မွန်ဂျယ်အင်းက ပြောကြားခဲ့သည်။**အင်န်အိတ်ချ်ကေ**

# လုပ်ကြံရန်ကြိုးကိုင်သည်ဟူသောစွပ်စွဲချက်ဖြင့် အီရန်ရှိ ဒိန်းမတ်သံအမတ်ကို ပြန်လည်ခေါ်ယူ

**ကိုပင်ဟေဂင် နိုဝင်ဘာ ၁**

ဥရောပမြောက်ပိုင်းနိုင်ငံများတွင် နေထိုင်နေကြသည့် အီရန်နိုင်ငံသား သုံးဦးကို တိုက်ခိုက်ရန် အီရန်နိုင်ငံက ကြံစည်သည်ဟု စွပ်စွဲချက်ဖြင့် ဒိန်းမတ်နိုင်ငံက တီဟီရန်ရှိ ၎င်း၏သံအရာရှိများကို ပြန်ခေါ်ခဲ့သည်။

ညှိနှိုင်းမှုပြုလုပ်ရန်အတွက် တီဟီရန်ရှိ ဒိန်းမတ်သံအမတ်ကို ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ဒိန်းမတ်နိုင်ငံအနေဖြင့် နိုင်ငံအတွင်းရှိ ပြည်သူများကို အီရန်ထောက်လှမ်းရေး အေဂျင်စီ၏ အကူအညီဖြင့် လုပ်ကြံသတ်ဖြတ်ရန် အဆက်အသွယ်ရှိသည့် မည်သူ့ကိုမဆို လက်ခံသွားမည် မဟုတ်ကြောင်း ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီး အန်ဒရာဆန်မျူရယ်ဆန်က သတင်းထောက်များကို ပြောသည်။

သတ်ဖြတ်ရန်ကြံစည်မှု၏ နောက်ကွယ်တွင်ကြိုးကိုင်သူမှာ အီရန်အစိုးရပင်ဖြစ်ကြောင်း ၎င်းက စွပ်စွဲခဲ့သည်။ အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန်အတွက် ဥရောပသမဂ္ဂနှင့်လည်း တိုင်ပင်နေကြောင်း ၎င်းကဆက်ပြောသည်။




ဒိန်းမတ်၌ စက်တင်ဘာလနှောင်းပိုင်းက ပေါ်ပေါက်ခဲ့သော လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုကြောင့် ဆွီဒင်သို့ သွားရာ တံတားကို ပိတ်ဆို့ထား သည်ကို တွေ့ရစဉ်။

အင်္ဂါနေ့အစောပိုင်းကလည်း အီရန်ထောက်လှမ်းရေးအေဂျင်စီသည် ဒိန်းမတ်နိုင်ငံတွင်ရောက်ရှိနေသော အာဗက်လွတ်မြောက်ရေး အာရပ်လှုပ်ရှားမှုမှဟု သံသယရှိသူ အီရန်နိုင်ငံသား သုံးဦးကို သတ်ဖြတ်ရန် ကြံစည်လျက်ရှိသည်ကို ဒိန်းမတ် ထောက်လှမ်းရေးအေဂျင်စီမှ သတင်းထောက်လှမ်း ရရှိခဲ့သည်ဟု အဆိုပါဌာနမှ အကြီးအကဲ ဖင်ဘို့ချ် အန်ဒရာဆန်က ပြောသည်။

အီရန်နွယ်ဖွား နော်ဝေနိုင်ငံသားမှာ အောက်တိုဘာ ၂၁ ရက်တွင် အီရန်နိုင်ငံအတွက် သူလျှိုလုပ်ပေးမှုဖြင့် ဖမ်းဆီးခံရသည်။ ၎င်းကို ဆွီဒင်နိုင်ငံ အနောက်တောင်ပိုင်းမြို့ဖြစ်သည့် ဂိုတီဘော့တွင် ထိန်းသိမ်းထားခဲ့သည်။

အီရန်နိုင်ငံကမူ ဒိန်းမတ်နိုင်ငံ၏ စွပ်စွဲမှုများကို ငြင်းဆိုထားခဲ့သည်။ အီရန်နိုင်ငံသည် ဒိန်းမတ်၊ နယ်သာလန်နှင့် ဗြိတိန်တို့ကို အကြမ်းဖက်သမားများအား လက်ခံထားသည်ဟု စွပ်စွဲခဲ့သည်။ ဒိန်းမတ်ဝန်ကြီးချုပ်က အီရန်နိုင်ငံသာမက အခြားနိုင်ငံခြားတိုင်းပြည်များမှ ဒိန်းမတ်မြေပေါ်တွင် လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုကို ခွင့်မလွှတ်နိုင်ဟု တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

**အေအက်ဖ်ပီ**

# ဟောင်ကောင်စာရေးဆရာ လူးဝစ်ချာ ကွယ်လွန်

**ဟောင်ကောင် နိုဝင်ဘာ ၁**

လျှို့ဝှက်သည်းဖိုရုပ်ရှင်ဇာတ်လမ်းများ ရေးသားသူ၊ ကမ္ဘာတစ်ဝန်းစာအုပ်ရေ သန်းသုံးရာထိ ရိုက်နှိပ်ရအောင် အောင်မြင်ခဲ့သူ ဟောင်ကောင်စာရေးဆရာ လူးဝစ်ချာသည် အသက် ၉၄ နှစ်အရွယ်တွင် သေဆုံးသွားပြီဖြစ်သည်။ ကလောင်အမည်ကျင်းယုံဖြင့် နာမည်ကျော်ခဲ့သူသည် တရုတ်ပြည်တွင်းမှာသာမက ပြည်ပတွင်ပါ အောင်မြင်ကျော်ကြားသူ ဖြစ်သည်။

၎င်း၏စာအုပ်များသည် နာမည်ကျော် ရုပ်ရှင်ဇာတ်ကားများဖြစ်သည့် Lord of the Rings ဇာတ်ကားများကိုပင် ယှဉ်နိုင်သည်။ ၎င်း၏ဝတ္ထုများသည် ရုပ်သံဒရာမာဇာတ်ကားများ၊ ဗီဒီယိုဂိမ်းများ၊ ရုပ်ရှင်ဇာတ်ကားများအဖြစ် ပြောင်းလဲသွားနိုင်ခဲ့သည်။ ကာလရှည်ကြာဖျားနာခဲ့ပြီးနောက် လူးဝစ်ချာသည် အင်္ဂါနေ့က ဟောင်ကောင်တွင် ကွယ်လွန်သွားခဲ့သည်။ ၎င်း၏ နာမည်ကျော်လက်ရာများမှာ The Demi-Gods and Semi -Devils၊ Deer and the Cauldron နှင့် Legends of the Condor Heroes တို့ဖြစ်ပြီး ဖေဖော်ဝါရီလအတွင်းက အင်္ဂလန်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၎င်းကွယ်လွန်သွားသည့်အတွက် ကမ္ဘာတစ်ဝန်းမှ ဝမ်းနည်းကြောင်းများ ပြောကြားခဲ့ကြသည်။ ဟောင်ကောင်ရုပ်ရှင်စတားဖြစ်သူ အန်ဒီလောင်းက လူးဝစ်ချာ သေဆုံးမှုမှာ ကြီးမားသောဆုံးရှုံးမှုတစ်ခုဟု တီဗွီဖန်သားပြင်မှတစ်ဆင့် ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**




ဟောင်ကောင်စာရေးဆရာ လူးဝစ်ချာ(ဝဲစွန်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မဲရုံပုံစံနှင့် ခိုင်လုံမဲ၊ ပယ်မဲနမူနာပုံစံများ ထုတ်ပြန်ကြေညာခြင်း

**နေပြည်တော် နိုဝင်ဘာ ၁**

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို လစ်လပ်မဲဆန္ဒနယ် (၁၃) နယ်၌ နိုဝင်ဘာ (၃) ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရာတွင် အဆင်ပြေစေရန် မဲရုံနမူနာပုံစံနှင့် မိမိပေးလိုက်သည့် ဆန္ဒမဲလက်မှတ်များ ပယ်မဲမဖြစ်စေရေးအတွက် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ၏ ခိုင်လုံမဲ၊ ပယ်မဲနမူနာပုံစံများကို သိရှိနိုင်ရန်ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှထုတ်ပြန်ကြေညာခဲ့ပါသည်။ မဲရုံနမူနာပုံစံနှင့် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ၏ ခိုင်လုံမဲ၊ ပယ်မဲနမူနာပုံစံများမှာ အောက်တွင်ဖော်ပြထားသည့်အတိုင်းဖြစ်ပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့၌လည်း မဲရုံများတွင် ဗီနိုင်းပိုစတာများဖြင့် ကပ်ထားမည် ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**





## ခိုင်လုံမဲ နမူနာပုံစံများ



ပုံစံ(၁)
- ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြုထားကြောင်း ထင်ရှားသည့်မဲ



ပုံစံ(၂)
- တံဆိပ်တုံးသည် ပြောင်းပြန် ဖြစ်နေသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြုထားသောမဲ



ပုံစံ(၃)
- တံဆိပ်တုံး၏အကွက် (၉) ကွက်တွင်အနည်းဆုံး(၅) ကွက်သည် ကိုယ်စားလှယ်လောင်းတစ်ဦး၏ အကွက်တွင်းသာ ကျရောက်သောမဲ




ပုံစံ(၄)
- ကိုယ်စားလှယ်လောင်း၏ အမည်ပေါ်တွင် ရိုက်နှိပ်ဆန္ဒပြုထားသောမဲ

မှတ်ချက်။ ။အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာ ဖြစ်ပါသည်။ ၎င်းပုံစံနမူနာများနှင့် သဘောတရားတူသောမဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

*စာမျက်နှာ ၁၆ သို့*

စာမျက်နှာ ၁၅ မှ


## ခိုင်လုံမဲ နမူနာပုံစံများ




ပုံစံ(၅)
– ကိုယ်စားလှယ်လောင်း၏ပါတီ/အမှတ်တံဆိပ်ပေါ်တွင် ရိုက်နှိပ်ထားသောမဲ




ပုံစံ(၆)
– ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒပြုထားကြောင်း ထင်ရှားသည့်မဲ



ပုံစံ(၇)
– ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒပြုထားကြောင်း ထင်ရှားသည့်မဲ



ပုံစံ(၈)
– ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒပြုထားကြောင်း ထင်ရှားသည့်မဲ




ပုံစံ(၉)
– တံဆိပ်တုံး တစ်ကြိမ်နှင့်အထက် ရိုက်နှိပ်ထားသော်လည်းကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒပြု ထားသောမဲ



ပုံစံ(၁၀)
– တံဆိပ်တုံး တစ်ကြိမ်နှင့်အထက် ရိုက်နှိပ်ထားသော်လည်းကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒပြု ထားသောမဲ



ပုံစံ(၁၁)
– တံဆိပ်တုံး တစ်ကြိမ်နှင့်အထက် ရိုက်နှိပ်ထားသော်လည်းကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒပြု ထားသောမဲ



ပုံစံ(၁၂)
– တံဆိပ်တုံး တစ်ကြိမ်နှင့်အထက် ရိုက်နှိပ်ထားသော်လည်းကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒပြု ထားသောမဲ



ပုံစံ(၁၃)
– ပထမတံဆိပ်တုံးအကွက်သည် ကိုယ်စားလှယ်လောင်းတစ်ဦးအတွက်ဆန္ဒပြုထားပြီး ဒုတိယတံဆိပ်တုံးအရာ၏ (၉)ကွက်တွင် အနည်းဆုံး(၅)ကွက်သည် ယင်းကိုယ်စားလှယ်လောင်း၏အကွက်အတွင်း၌သာ ကျရောက်သောမဲ

မှတ်ချက်။ ။အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာ ဖြစ်ပါသည်။ ၎င်းပုံစံနမူနာများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

## ပယ်မဲ နမူနာပုံစံများ



ပုံစံ(၁)
– မည်သူ့အား ဆန္ဒပြုသည်ကို ဆုံးဖြတ်ရခက်သော မဲ



ပုံစံ(၂)
– မည်သူ့အား ဆန္ဒပြုသည်ကို ဆုံးဖြတ်ရခက်သော မဲ



ပုံစံ(၃)
– ဆန္ဒပြုရမည့် အကွက်ပြင်ပတွင် ဆန္ဒပြုထားသောမဲ

မှတ်ချက်။ ။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာ ဖြစ်ပါသည်။ ၎င်းပုံစံနမူနာများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

စာမျက်နှာ ၁၈ သို့

# ပန်းဆိုးတန်း-ဒလ သင်္ဘောတွင် ဈေးသည်များကို ဖယ်ရှားပြီးနောက် ခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာနိုင်



**ရန်ကုန် နိုဝင်ဘာ ၁**

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် ဂျပန်နိုင်ငံမှ ကူးတို့သင်္ဘောသုံးစင်းဖြင့် ပန်းဆိုးတန်း-ဒလ ခရီးစဉ်ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က စတင်ပြေးဆွဲခဲ့ပြီး ထိုအချိန်မှစ၍ သင်္ဘောပေါ်တွင် ဈေးသည်များ ရှိခဲ့သလို ဆိပ်ကမ်းဆိပ်ခံဖောတံတား ဈေးသည်တို့ကြောင့် ရေယာဉ်စီးခရီးသွားများနှင့် ဒလဘက်သို့ သွားရောက်လည်ပတ်သော နိုင်ငံခြားသားခရီးသွားများအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ရမှုများ ရှိခဲ့သည်။ ယခုနှစ်တွင်မူ ဩဂုတ် ၁၄ ရက်မှစ၍ အဆိုပါ ဆိပ်ခံဖောတံတား သင်္ဘောသုံးစင်းပေါ်ရှိ ဈေးသည်များနှင့် ဆိပ်ခံပေါ်ရှိ ဈေးသည်များကို ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးစီးဌာနက ရှင်းလင်းဖယ်ရှားခဲ့ရာ ယခုအခါ ခရီးသွားပြည်သူများနှင့် နိုင်ငံခြားသားခရီးသွားများမှာ စိတ်အေးချမ်းသာစွာဖြင့် ခရီးသွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

"အခုဆိုရင် ပြည်သူတွေရဲ့ စိတ်ချမ်းသာတဲ့ စကားသံတွေကို အမြဲကြားရပါတယ်။ ရှင်းလင်းဆောင်ရွက်ခဲ့တာ နှစ်လကျော်သွားပါပြီ။ အရင်က စည်းကမ်းမဲ့ ဈေးသည်ကိုထိန်းဖို့ ဝန်ထမ်းကို တာဝန်ချထားရတာ၊ အခုတော့ ခရီးသွားပြည်သူတွေကို အတက်၊ အဆင်းမှာကူညီဖို့ တာဝန်ဆောင်ရွက်နေကြပါတယ်။ ဒါဟာ အဆက်ဆက်ဖြစ်လာတဲ့အရာတွေထဲမှာ သိသိသာသာပြောင်းလဲသွားတဲ့အရာ ဖြစ်တဲ့အတွက် နေ့စဉ် ကူးတို့စီး ခရီးသွားတွေ စိတ်ကျေနပ်မှုတွေ ခံစားရပါတယ်။ သူတို့ကို ကျွန်တော်တို့က ခေါ်တာမဟုတ်ဘူး။ ဌာနဆိုင်ရာအဝန်းထဲကို လာကြတာ။ မူလကတည်းက မရောင်းရဘူးဆို တာ သူတို့သိပြီးသား။ စည်းကမ်းလိုက်နာမှုမရှိတာကို ကျွန်တော်တို့က မိမိတာဝန်ကို ထိထိမိမိထမ်းဆောင်မှ နိုင်ငံတော်ရဲ့ရည်မှန်းချက်ပန်းတိုင်ကို အထောက်အပံ့ဖြစ်စေရာရောက်မှာပါ။ ဆက်လက်ပြီး စည်းကမ်းမဲ့ ဈေးသည်ကို စောင့်ကြည့်နေပါတယ်။ လုံးဝလည်း ခွင့်မပြုပါဘူး"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ ဒုအထွေထွေမန်နေဂျာ(ပို့ဆောင်ရေး) ဦးဝင်းကိုကိုအောင်က ပြောသည်။

ဒလမြို့နယ်ရှိ မူလတန်းကျောင်းမှ ဆရာမတစ်ဦးကလည်း "အရင်က ကူးတို့သင်္ဘောစီးရင် ဖောတံတားပေါ်ကဈေးသည်တွေကို ရှောင်ရတဲ့အပြင် သင်္ဘောပေါ်မှာလည်း ဈေးသည်တွေကို ရှောင်ရတယ်။ ဆရာမလည်း အတိုးအဝှေ့အတွန်းအတိုက်ခံပြီးမှ ကုန်းပေါ်ကို ရောက်တယ်။ အခု ပြောင်းလဲသွားတာ နှစ်လကျော်ပြီ။ စိတ်ချမ်းသာတယ်။ နေ့စဉ် ကူးတို့သင်္ဘောစီးရတာကို စိတ်ဖြေဖျောက်မှုတစ်ခုအဖြစ် ကျေနပ်ခံစားရတယ်။ ဈေးသည်တွေ မရှိတော့တဲ့အတွက် အားလုံးစိတ်ချမ်းသာကြမှာပါ။ သက်ဆိုင်ရာကို ကျေးဇူးအထူးတင်တယ်။ ဆက်ပြီးလုပ်ဆောင်နိုင်ပါစေ"ဟု ပြောသည်။

ပန်းဆိုးတန်း-ဒလ ချယ်ရီသင်္ဘောသုံးစင်းနှင့် ဆိပ်ခံဖောတံတားပေါ်ရှိ ဈေးသည်များအား ဖယ်ရှားရန် ပညာပေးကာလ ကို ယခုနှစ် ဩဂုတ် ၁၄ ရက်မှ ၂၄ ရက်အထိ စတင်ဆောင်ရွက်ခဲ့ကာ ၁၆ ရက်တွင် သတင်းစာရှင်းလင်းပွဲ တစ်ရပ်ကျင်းပ၍ အရေးယူမှု စတင်မည့်အကြောင်းကို မီဒီယာများအား ရှင်းလင်းပြောကြားပြီးနောက် ဩဂုတ် ၂၅ ရက်မှစ၍ စည်ပင်သာယာဥပဒေဖြင့် ရှင်းလင်းဖယ်ရှားမှုများကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ခရီးသွားပြည်သူတွေစိတ်ချမ်းသာအောင် ဈေးသည်ရှင်းလင်းရေးစီမံချက်ကို မျက်ခြည်မပြတ် ဆောင်ရွက်နေပါတယ်။ ခရီးသည်တွေ စိတ်အေးချမ်းသာစွာ သွားလာတာကို မြင်ရတော့ ပီတိဖြစ်ရပါတယ်။ ဈေးသည်တွေလည်း ရှင်းသွားပါပြီ။ ဝန်ထမ်းတွေကလည်း အမြဲစောင့်ကြည့်နေပါတယ်"ဟု ပန်းဆိုးတန်းကူးတို့ဆိပ်ရှိ ခရီးသည်ပို့ဆောင်ရေးမှ လက်ထောက်မန်နေဂျာ ဒေါ်စုစုဝေက ပြောသည်။

ချယ်ရီသင်္ဘောများသည် နေ့စဉ် နံနက် ၅ နာရီမှ ည ၉ နာရီခွဲအထိ တစ်နေ့လျှင် ၄၆ ခေါက် ပြေးဆွဲလျက်ရှိရာ ယခုအခါ စည်းကမ်းမဲ့ဈေးသည်များ ကင်းရှင်းသွားမှုကြောင့် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ခရီးသွားလာလျက်ရှိကြသည်။

**သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**

# မကွေးဆေးရုံကြီး၌ နှုတ်ခမ်းကွဲအာခေါင်ကွဲ ကလေး ၆၇ ဦးအား ခွဲစိတ်ကုသပေး

**မကွေး နိုဝင်ဘာ ၁**

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသခွင့်ရရန် ဒေသအသီးသီးမှ စာရင်းပေးထားသည့် ကလေးငယ် ၆၇ ဦးအား ဂျပန်နိုင်ငံမှ ခွဲစိတ်ဆရာဝန်ကြီးများနှင့် မကွေးတိုင်းဒေသကြီးမှ ခွဲစိတ်ဆရာဝန်ကြီးများက မကွေးမြို့ရှိ တိုင်းဒေသကြီး အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ အောက်တိုဘာ ၃၀ ရက်မှ စတင်ခွဲစိတ်ကုသပေးခဲ့ပြီး နိုဝင်ဘာ ၂ ရက်အထိ ကုသိုလ်ဖြစ် အခမဲ့ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒေသအသီးသီးက စာရင်းပေးထားတာက ကလေးငယ် ၇၀ ရှိပါတယ်။ ခွဲစိတ်ရန်မသင့်သေးတဲ့ ကလေးငယ်သုံးဦးကိုတော့ ပြန်လွှတ်ခဲ့ရပါတယ်။ ၆၇ ဦးကို လေးရက်အတွင်း ကျွမ်းကျင်ဆရာဝန်ကြီးများက ခွဲစိတ်ကုသပေးသွားမှာပါ"ဟု မြန်မာဘရူဝါရီလီမိတက်မှ ကရုဏာရှေးရှု မြန်မာမှုအစီအစဉ်ကို ဦးဆောင်လုပ်ကိုင်သူ ဦးကျော်မိုးက ပြောသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာဘရူဝါရီလီမိတက် ကရုဏာရှေးရှုမြန်မာမှုအစီအစဉ်မှ အဓိကကူညီပံ့ပိုးပြီး Japan International Medical Volunteers နှင့်ပူးပေါင်း၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကုသိုလ်ဖြစ် အခမဲ့ကုသပေးရာတွင် ခွဲစိတ်ကုသသူများ၏ သွားလာရေး၊ နေထိုင်ရေးနှင့် စားသောက်ရေး အားလုံးကိုပါ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။



ယခု ကလေးများအား နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသပေးခြင်းမှာ ကရုဏာရှေးရှုမြန်မာမှု အစီအစဉ်၏ (၈)ကြိမ်မြောက် ကုသပေးခြင်းဖြစ်ပြီး ယခင်က ကုသပေးခဲ့သော ခုနစ်ကြိမ်တွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မကွေးနှင့် စစ်ကိုင်းမြို့များမှ ဆေးရုံကြီးများ၌ နှုတ်ခမ်းကွဲ အာခေါင်ကွဲ ကလေးငယ်ပေါင်း ၆၉၇ ဦးအား အခမဲ့ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

"အပြင်မှာကုသမယ်ဆိုရင် သိန်း ၂၀ ခန့်လောက် ကုန်ကျမယ်လို့ သိရပါတယ်။ တော်ရုံတန်ရုံလူ မတတ်နိုင်တဲ့ အခြေအနေမှာ ခုလို အခမဲ့ကုသပေးတဲ့အစီအစဉ်ကို လုပ်တဲ့သူတွေရော၊ ဆရာဝန်ကြီးတွေ အားလုံးကို အမြဲတမ်းကျေးဇူးတင်နေမှာပါ"ဟု ခွဲစိတ်ကုသရာတွင် ပါဝင်သည့် ကလေးမိခင်တစ်ဦးက ပြောသည်။

ကုသိုလ်ဖြစ်ဆေးကုသမှု ဖွင့်ပွဲအခမ်းအနားကို မကွေးတိုင်းဒေသကြီး အထွေထွေရောဂါကုပြည်သူ့ဆေးရုံဝင်းအတွင်း၌ အောက်တိုဘာ ၃၀ ရက်က ပြုလုပ်ခဲ့ပြီး မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာခင်မောင်အေးက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာဘရူဝါရီလီမိတက်မှ တာဝန်ရှိသူက ကုသိုလ်ဖြစ် အခမဲ့ခွဲစိတ်ကုသပေးခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဂျပန်နိုင်ငံမှ ဆရာဝန်ကြီးက ခွဲစိတ်ကုသမှုအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ဇေယျာတု(မကွေး)**

## ဧရာဝတီတိုင်းဒေသကြီး သတင်းစာဆရာအသင်း ပုံမှန်အစည်းအဝေးကျင်းပ

**ပုသိမ် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဧရာဝတီတိုင်းဒေသကြီး) အလုပ်အမှုဆောင်အဖွဲ့၏ ပုံမှန်အစည်းအဝေးအမှတ်စဉ်(၃/၂၀၁၈)ကို ပုသိမ်မြို့ ဖက်တန်းလမ်းရှိ ရေရတနာ ကိုယ်ပိုင်အထက်တန်းကျောင်းစုံညီခန်းမ၌ အောက်တိုဘာလကုန်ပိုင်းက ကျင်းပခဲ့ရာ တိုင်းဒေသကြီးအတွင်းရှိ အလုပ်အမှုဆောင်များနှင့် နီးစပ်ရာမြို့နယ်များမှ အသင်းဝင်များ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးအေးထွန်းက အမှာစကားပြောကြားပြီး မီဒီယာများအနေဖြင့် စည်းမျဉ်း၊ စည်းကမ်းဥပဒေများနှင့်အညီ ရေးသားကြရေး၊ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့သည့် အတွေ့အကြုံများ၊ နှစ်နိုင်ငံချစ်ကြည်ရေး ဆောင်ရွက်မှုများနှင့် အပြန်အလှန် သတင်းဖလှယ်မှုများကို ဆွေးနွေးကြကာ အသင်း၏ အမှုဆောင်များကလည်း ရသုံးငွေစာရင်းများနှင့် ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်များအတွက် ရန်ပုံငွေရရှိရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ (၀၉၂)

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁-၁၁-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၈၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၇၅/၁၀၉၀ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၈၅/၁၁၀၀ ကျပ် | ၁၁၂၅/၁၁၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၀/၁၀၄၅ ကျပ် | ၁၀၇၀/၁၁၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၇၀/၁၀၉၅ ကျပ် | ၁၁၄၀/၁၁၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၆၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၇၂ ・ ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၀ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၀၉ ・ ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၇ ・ ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၁၂ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၄ ・ ၃၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၁၆၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၇ ・ ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၃ ・ ၉၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၃၂၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

စာမျက်နှာ ၁၆ မှ

# ပယ်မဲနမူနာပုံစံများ



ပုံစံ(၄)
– စုတ်ပြဲနေသောမဲ





ပုံစံ(၅)
– မဲရုံမှူးလက်မှတ်မပါသောမဲ




ပုံစံ(၆)
– လုံးဝ ဆန္ဒပြုမထားသောမဲ




ပုံစံ(၇)
– အစွန်းအထင်းပါသောမဲ




ပုံစံ(၈)
– အမှတ်အသားပြုထားသောမဲ




ပုံစံ(၉)
– ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသောမဲ




ပုံစံ(၁၀)
– ကိုယ်စားလှယ်လောင်းနှစ်ဦးအား ဆန္ဒပြုထားသောမဲ




ပုံစံ(၁၁)
– ပထမတံဆိပ်တုံးအကွက်သည် ကိုယ်စားလှယ်လောင်းတစ်ဦးအတွက်ဆန္ဒပြုထားပြီး ဒုတိယ တံဆိပ်တုံးအရာ၏ (၉)ကွက်တွင် အနည်းဆုံး(၅)ကွက်သည် အခြားကိုယ်စားလှယ်လောင်းတစ်ဦး၏ အကွက်ပေါ်သို့ ကျရောက်နေသောမဲ

မှတ်ချက်။ ။အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာ ဖြစ်ပါသည်။ ၎င်းပုံစံနမူနာများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

စာမျက်နှာ ၁၉ သို့

## ကြားဖြတ်ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအား ခရိုင်အလိုက် တာဝန်များခွဲဝေချထား

**မန္တလေး နိုဝင်ဘာ ၁**

နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် လွတ်လပ်၍ တရားမျှတမှုရှိသော ရွေးကောက်ပွဲဖြစ်စေရန်နှင့် နိုင်ငံရေးပါတီများအား ကြီးကြပ်ရာတွင် ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များအား ခရိုင်အလိုက် ကွင်းဆင်းကြီးကြပ်ရန် ယမန်နေ့က ကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရှိန်ဝင်းက အသေးစိတ်ရှင်းလင်း ပြောကြားကာ တာဝန်ခွဲဝေ ချထားပေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် တိုင်းဒေသကြီးအတွင်းကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရန် လိုအပ်သည့် လုပ်ငန်းအစီအစဉ်များအားလုံးကို အပြည့်အစုံ ပြင်ဆင်ထားရှိပြီးဖြစ်သည့်အပြင် ယခုရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ လွယ်ကူမြန်ဆန်စွာမဲပေးနိုင်ရန် မဲရုံအသီးသီးတွင် မဲစာရင်းများကို ထပ်မံကြေညာပေးထားမည်ဖြစ်သည်။

"ဒီအစည်းအဝေးမှာ ခရိုင်အဆင့် ကြီးကြပ်ရမယ့် ကော်မရှင်အဖွဲ့ဝင်တွေက နိုဝင်ဘာ ၁ ရက်မှာ မဲရုံသုံးပစ္စည်းတွေ မဲရုံအသီးသီးမှာ အပြည့်အစုံ ရှိ၊ မရှိ ကြိုတင်ကွင်းဆင်းကြည့်ရှုပြီး မဲပေးတဲ့နေမှာလည်း မဲဆန္ဒရှင်ပြည်သူတွေ အေးအေးချမ်းချမ်း မဲပေးနိုင်အောင် သက်ဆိုင်ရာ ကော်မရှင်ခွဲအဆင့်အဆင့်နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ကြီးကြပ်ဆောင်ရွက်သွားရမယ့်အပြင် မဲရုံအလိုက် ပြီးစီးတဲ့ ပုံစံ (၁၉)လို့ခေါ်တဲ့ မဲပေးသူ စာရင်းတွေ ပြုစုပြီးတဲ့အထိ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ မဲပေးသူတစ်ဦးဟာ မိမိအမည်ပါတဲ့ အမှတ်စဉ်ကိုသိရင် မဲပေးတဲ့နေရာမှာ ပိုပြီးအဆင်ပြေလွယ်ကူစေတဲ့အတွက် မဲပေးတဲ့နေ့ကျရင် မဲရုံတွေရဲ့ရှေ့မှာ မဲစာရင်းတွေကို ထပ်မံကြေညာပေးထားမှာပါ။ မဲပေးသူပြည်သူအသီးသီးဟာ လွတ်လွတ်လပ်လပ်နဲ့ မျှမျှတတ မဲပေးနိုင်ဖို့အတွက် ဆောင်ရွက်ထားပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ မဲပေးရွေးချယ်ကြမည့် မဲဆန္ဒရှင်စာရင်းမှာ သုံးသိန်းတစ်သောင်းကျော်ရှိပြီး မြင်းခြံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းလေးဦးအတွက်မဲရုံ ၂၆ရုံ၊သပိတ်ကျင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်နယ်မြေတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦးအတွက် မဲရုံ ၄၅ ရုံနှင့် ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်မြေတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းငါးဦးအတွက် မဲရုံ ၃၆၄ ရုံတို့ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**အေပီကေ (မန်းကိုယ်ပွား)**

## ပုလောမြို့နယ် ကျေးရွာငါးရွာ တစ်အိမ်သုံးဆိုလာစနစ် မီးလင်းရေးဆောင်ရွက်မည်

**ပုလော နိုဝင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် တစ်အိမ်ထောင်သုံးနှင့် အများပြည်သူသုံးဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် NEP စီမံကိန်းဖြင့် နိုဝင်ဘာလအတွင်း အပြီးတပ်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးလှိုင်မင်းထွန်းက ပြောသည်။

အဆိုပါ ကျေးရွာငါးရွာတို့တွင် တပ်ဆင်ပေးမည့် တစ်အိမ်ထောင်သုံး ဆိုလာစနစ်တွင် ၆၀ ဝပ်နှင့် ၁၀၀ ဝပ်အားရှိ ယူနစ်နှစ်မျိုးပါဝင်ပြီး စာသင်ကျောင်းများ၊ ကျန်းမာရေးအဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများနှင့် လမ်းမီးများ မီးလင်းရေးအတွက် အခမဲ့ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

လိပ်သောင်ကျေးရွာအုပ်စု လိပ်သောင်ကျေးရွာတွင် အိမ်ခြေ ၉၀ နှင့် လမ်းမီးတိုင် ၁၃ တိုင်၊ ကျက်ကမ်းကျေးရွာတွင် အိမ်ခြေ ၁၄၆ အိမ်နှင့်လမ်းမီးတိုင် ၁၃ တိုင်၊ ကော့ဒွေးကျေးရွာ တွင်အိမ်ခြေ ၂၆ အိမ်နှင့် လမ်းမီးတိုင်ငါးတိုင်၊ ထမင်းမစားကျေးရွာအုပ်စုမှ ထမင်းမစားကျေးရွာတွင် အိမ်ခြေ ၇၁ အိမ် လမ်းမီးတိုင် ၁၆ တိုင်နှင့် နန်းပရုပ်ကျေးရွာတွင် အိမ်ခြေ ၃၀၊ လမ်းမီးတိုင်ငါးတိုင် စုစုပေါင်း အိမ်ခြေ ၃၆၃ အိမ်၊ လမ်းမီးတိုင် ပေါင်း ၅၂ တိုင်တို့ကို နိုဝင်ဘာလအတွင်း အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ၆၀ ဝပ်အတွက် ငွေကျပ် ၅၀၀၀၀ နှင့် ၁၀၀ ဝပ်အတွက် ငွေကျပ် ၁၅၀၀၀၀ တို့ကို ကျေးရွာနေသုံးစွဲသူမှ ထည့်ဝင်ရမည်ဖြစ်သည်ဟု သိရသည်။ **မြင့်ဦး(မြိတ်)**

## ရသစာပေနှင့် ယနေ့လူငယ် ဆောင်းပါးဖြင့် စာဖတ်ဝိုင်းကျင်းပ

**ရပ်စောက် နိုဝင်ဘာ ၁-** ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာများမှ စာပေဝါသနာရှင်များအား ဖိတ်ကြား၍ ရသစာပေနှင့် ယနေ့လူငယ်ဆောင်းပါးဖြင့် စာဖတ်ဝိုင်းကို အောက်တိုဘာလ နောက်ဆုံးပတ်က ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ စာဖတ်ဝိုင်းတွင် စာပေဝါသနာရှင် ၂၀ တို့က ၂၀၁၈ ခုနှစ် အောက်တိုဘာလထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅) အမှတ်(၂၀) ပါ မိုးပန်းမွန် (ရာမည)၏ ရသစာပေနှင့် ယနေ့လူငယ် ဆောင်းပါးကိုဖတ်ကြားပြီး ၎င်းတို့၏အမြင်များကို ပြန်လည်သုံးသပ်ဆွေးနွေးကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

စာမျက်နှာ ၁၈ မှ

# ကြိုတင်ဆန္ဒမဲ လက်မှတ်များအတွက် ခိုင်လုံမဲ နမူနာပုံစံများ



နမူနာ - ၁



နမူနာ - ၂



နမူနာ - ၃



နမူနာ - ၄



နမူနာ - ၅



နမူနာ - ၆




နမူနာ - ၇

ကိုယ်စားလှယ်လောင်းအမည်အကွက်နှင့် ပါတီသင်္ကေတအကွက် နှစ်ခုကြားတွင် ဆန္ဒပြုထားသော မဲလက်မှတ်




နမူနာ - ၈

ပါတီသင်္ကေတအကွက်နှင့် ကွက်လပ် နှစ်ခုကြားတွင် ဆန္ဒပြုထားသော မဲလက်မှတ်



နမူနာ - ၉

အမှန်ခြစ်ကို ဇောက်ထိုးခြစ်ထားသော မဲလက်မှတ်



နမူနာ - ၁၀

အမှန်ခြစ်ကို ပီပြင်အောင် ခြစ်မထားသော မဲလက်မှတ်



နမူနာ - ၁၁

တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသောမဲလက်မှတ်



နမူနာ - ၁၂

ခိုင်လုံမဲနမူနာများပါအတိုင်း ဆန္ဒပြုထားရမည့်အပြင် မဲလက်မှတ်၏ ကျောဘက်တွင် တာဝန်ခံအမည်၊ လက်မှတ်နှင့် ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်ပါရှိသော မဲလက်မှတ်

**မှတ်ချက်။ အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်ပါသည်။**

စာမျက်နှာ ၂၀ သို့

## ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ရမည်းသင်း နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲကို ယနေ့နံနက် ၉ နာရီက ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ မန္တလေးတိုင်းဒေသကြီးနယ်မြေတာဝန်ခံ ဦးအောင်မြင့်က ရွေးကောက်ပွဲဆိုင်ရာဥပဒေများကို ရှင်းလင်းပြောကြားပြီး ရမည်းသင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစံတင့်က ရမည်းသင်းခရိုင်အတွင်း ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် မဲရုံတည်ဆောက်မှု၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းကြော်ငြာကပ်လှုံ့ဆော်မှု၊ မဲရုံမှူးနှင့် အဖွဲ့ဝင်များအား သင်တန်းပေးဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်သည် မဲစာရင်းကပ်ထားမှုနှင့် ရမည်းသင်းမြို့နယ်အတွင်း ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် ဝါတိုးရပ်ကွက်ကြီးမဲရုံ တည်ဆောက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မဲရုံမှူးနှင့် အဖွဲ့ဝင်များအား တွေ့ဆုံခဲ့ကြောင်း သိရသည်။ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲကို ရမည်းသင်းမြို့နယ်အတွင်း မဲရုံငါးရုံနှင့် ပျော်ဘွယ်မြို့နယ်အတွင်း မဲရုံ ၁၀ ရုံ၊ ရမည်းသင်းခရိုင်အတွင်း စုစုပေါင်းမဲရုံ ၁၅ ရုံရှိကြောင်း သိရှိရသည်။

**ဇော်ဝင်းအောင်**

## မင်းဘူးခရိုင်အတွင်းရှိ ရေလှောင်တမံများမှ ယခုနှစ် မိုးစပါးဧက တစ်သိန်းကျော် စိုက်ပျိုးရေပေးဝေနိုင်

**မင်းဘူး နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မုန်းချောင်းရေလှောင်တမံ၊ မန်းချောင်းရေလှောင်တမံ ၊ စလင်းရေလှောင်တမံစသည်ဖြင့် တမံကြီးသုံးခု၊ ရင်းရှည်ရေလှောင်တမံ၊ တက်တူရေလှောင်တမံ၊ တမံငယ်နှစ်ခုနှင့် တမံကြီးသုံးခုမှတစ်ဆင့် ရေပေးဝေထားသော မဲဇလီရေလွှဲဆည်၊ အိုင်းမရေလွှဲဆည်၊ လင်းဇင်းရေလွှဲဆည် စသည့်ဆည်သုံးခုတို့မှ နှစ်စဉ် နွေစပါး၊ မိုးစပါးစိုက်ဧကများကို စိုက်ပျိုးရေပေးဝေလျက်ရှိရာ ယခုနှစ် မိုးစပါးလျာထားဧက ၁၄၅၈၀၀ ဧကကို စိုက်ပျိုးရေ အောင်မြင်စွာပေးဝေနိုင်ခဲ့ကြောင်း ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ သိရသည်။

အဆိုပါ ရေလှောင်တမံ၊ ရေလွှဲဆည်ကြီးများမှ ဆည်ရေဖြင့် ယခင်နှစ်က မိုးစပါးစိုက်ဧကပေါင်း ၁၄၅၆၇၃ ဧကကို စိုက်ပျိုးရေ အောင်မြင်စွာ ပေးဝေနိုင်ခဲ့ပြီး နွေစပါးစိုက်ဧကများအတွက်လည်း သိုလှောင်ထားနိုင်ခဲ့ကြောင်း၊ ယခုနှစ် မိုးစပါးအတွက်လည်း ဧက ၁၄၅၈၀၀ လျာထားခဲ့ရာ လျာထားဧကအားလုံးကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

**သန်းဌေး (မင်းဘူး)**

စာမျက်နှာ ၁၉ မှ

# ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲနမူနာပုံစံများ


နမူနာ - ၁
ဆန္ဒပြုရမည့် အကွက်၏ပြင်ပတွင် ဆန္ဒပြုထားသော မဲလက်မှတ်


နမူနာ - ၂
လုံးဝဆန္ဒပြုမထားသောမဲလက်မှတ်


နမူနာ - ၃
အစွန်းအထင်းပါသောမဲလက်မှတ်


နမူနာ - ၄
အမှတ်အသားပြုထားသော မဲလက်မှတ်


နမူနာ - ၅
ကြက်ခြေခတ်၍ ဆန္ဒပြုထားသောမဲလက်မှတ်


နမူနာ - ၆
မည်သူ့အားဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်


နမူနာ - ၇
မည်သူ့အား ဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်


နမူနာ - ၈
မည်သူ့အား ဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်


နမူနာ - ၉
ကိုယ်စားလှယ်လောင်းတစ်ဦးထက် ပို၍ ဆန္ဒပြုထားသော မဲလက်မှတ်


နမူနာ - ၁၀
နမူနာ-၆ပါ မဲလက်မှတ်များ၏ နောက်ကျောဘက် တာဝန်ခံ၏ အမည်၊ လက်မှတ်နှင့် ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါသော မဲလက်မှတ်
( မဲလက်မှတ်၏ ကျောဘက်တွင် လက်မှတ်ရေးထိုး၍ တံဆိပ်ထုရခြင်းဖြစ်သည်။ )

မှတ်ချက်။ ။အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာ ဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်ပါသည်။

## မဒေါက်မြို့၌ တန်ဆောင်တိုင်မီးမျှောပွဲတော် စည်ကားစွာကျင်းပမည်

**မဒေါက် နိုဝင်ဘာ ၁**

(၄၆)ကြိမ်မြောက် မဒေါက်ဒေသ တန်ဆောင်တိုင် မီးမျှောပွဲတော်ကြီးကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်အထိ ကုန်းပွဲ၊ ရေပွဲများဖြင့် မဒေါက်မြို့ စစ်တောင်းမြစ်ကမ်းနံဘေး၌ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

ယခုနှစ် မဒေါက်ဒေသတန်ဆောင်တိုင်ပွဲတော်ရက်များတွင် မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ၊ ချောတိုင်တက်ပွဲ၊ New Age Young တီးဝိုင်းမှ အဆိုတော်များ၏ သီဆိုဖျော်ဖြေပွဲ၊ ဇာတ်သဘင်ပွဲ၊ စစ်တောင်းမြစ်အတွင်း မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး တက်ခုတ်ယိမ်း၊ တက်ပုံ့ယိမ်းအကအဖွဲ့များနှင့် တိုင်းရင်းသားရိုးရာ ယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုနှင့် ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်က ပြောသည်။

တန်ဆောင်မုန်းလဆန်း ၁၂ ရက်တွင် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို စတင်ကျင်းပမည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့တွင် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား မဒေါက်မြို့အတွင်း ဒေသစာရီလှည့်လည်ပူဇော်ကာ လပြည့်ကျော် ၁ ရက်တွင် ယိမ်းလှေများ၊ အကအလှပြိုင်ပွဲနှင့် ပြိုင်ပွဲများအလိုက် ဆုချီးမြှင့်ခြင်းနှင့် ညနေ ၆နာရီခန့်တွင် မီးရှူးမီးပန်းများ ပစ်ဖောက်၍ စစ်တောင်းမြစ်အတွင်း ရောင်စုံ မီးကြာခွက်များ မျှောပြီး ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား မီးမျှောပူဇော်ကြမည်ဖြစ်သည်။

**သက်လွင်(မြန်/ဆက်)**

## မီဒီယာ ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ရန်ကုန်မြို့၌ ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁**

